# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday, 30 March 2024 ၁၁၄၁၆


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

## စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်

## ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်

နေပြည်တော် မတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

**ယနေ့ ဖတ်စရာ**


**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ထုတ်ပြန်** စာမျက်နှာ » ၆

**၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ထုတ်ပြန်** စာမျက်နှာ » ၇

**မိုခါကို သက်သေပြု၍... အေးချမ်းပါစေ မြေပုံမြေ** ဆောင်းပါး စာမျက်နှာ » ၁၄

**အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ စစ်မေးမည့် အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်း သတ်မှတ်ကြေညာခြင်း** စာမျက်နှာ » ၁၈

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ကြိုးပမ်း

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ လက်နက်ကိုင်ပဋိပက္ခများနှင့် ကျင်လည်လာခဲ့သည်မှာ ယခုအချိန်အထိ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံသားများ၏ ဘဝများ၊ အသက်များ များစွာပေးဆပ်ခဲ့ရပြီးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းပြည်ရှေ့သို့ ဖြောင့်ဖြောင့်တန်းတန်းမတက်နိုင်ဘဲ အောက်ကျနောက်ကျ ဖြစ်နေခဲ့သည်မှာ အားလုံးအသိပင်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတို့သည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ ပြည်ပမှဝင်ရောက်ကျူးကျော်မှုများကြောင့် တိုင်းပြည်ကြေမွပျက်စီးခြင်းများ ကြုံတွေ့ခဲ့ကြရသည်။ အထူးသဖြင့် အာဏာတည်ဆောက်လိုမှု၊ ပြည်ပမှ သွေးခွဲသပ်လျှိုပေးမှုကြောင့် ပြည်တွင်း၌ ညီညွတ်မှုပျက်ပြားပြီး အချင်းချင်း သေကျေပျက်စီးအောင် တိုက်ခိုက်ခဲ့ကြသည့် နိုင်ငံများစွာရှိသည်။ သို့သော် မျက်မှောက်ကာလတွင် ထိခိုက်နာကျင်ခဲ့မှုများကို ပြည်ဖုံးကားချပြီး တိုင်းပြည်တိုးတက်အောင် မတူကွဲပြားမှုများ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများပင် ဖြစ်လာကြသည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်လာပြီဖြစ်သော်လည်း ပဋိပက္ခများ မချုပ်ငြိမ်းသေးဘဲ ရှေ့တိုးဆောင်ရွက်နေကြသည်မှာ အတွေးအခေါ်၊ ခံယူချက် မပြောင်းလဲမှု၊ လူမျိုးရေး၊ နိုင်ငံရေးအမြင်ကျဉ်းမြောင်းမှု၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့် ဗိုလ်ကျစိုးမိုးလိုမှု၊ ကိုယ်ကျိုးစီးပွားရှာဖွေလိုမှု၊ မကောင်းမှုဒုစရိုက်မှုများဖြင့် အင်အားကြီးထွားလာအောင်လုပ်ဆောင်မှု စသည်တို့မှာ မငြင်းနိုင်သောအချက်များဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ အဆုံးမသတ်နိုင်သေးသည့်အချက်တစ်ခုမှာ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာအောင် မတည်ဆောက်နိုင်သေးသောအချက်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများရပ်စဲရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသောကာလတွင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး" နိုင်ငံရေးဦးတည်ချက်နှင့် "နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချထားသည်။ NCA စာချုပ်သည် အလွယ်တကူဖြစ်ပေါ်လာသော စာချုပ်မဟုတ်ဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်ခဲ့သည့်နေ့မှစ၍ ဆွေးနွေးညှိနှိုင်းမှု အကြိမ် ၅၀၀၀ ကျော်ပြုလုပ်ပြီးမှ ရရှိခဲ့သည့်စာချုပ်ဖြစ်သည်။ ရရှိထားသည့် သဘောတူညီချက်များမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်သင့်သည့်အချက်များကို ဒီမိုကရေစီ နည်းလမ်းတကျ ဆွေးနွေးညှိနှိုင်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်များအတိုင်း ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် NCA စာချုပ်ကြီး ပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ကို ထုတ်ပြန်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်သည် NCA စာချုပ်၏ အနှစ်သာရဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှု သမိုင်းမှတ်တိုင်များမှ ရရှိလာသည့် "အသိတရား" ဖြစ်သည်။ လက်ရှိတွင် ငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေရေးအတွက် လုပ်ဆောင်ရမည့် "အရှိတရား" လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းသင်ခန်းစာများအရ လက်နက်ကိုင်နည်းလမ်းဖြင့် မည်သည့်အခါမျှ ငြိမ်းချမ်းရေးမရနိုင်သလို၊ အောင်မြင်မှုလည်း ရရှိခဲ့ခြင်းမရှိပေ။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ မည်သို့ပင်ရှိနေသော်လည်း ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေး ဆက်လက်တည်ဆောက်နေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၇၀ ကျော် အမြစ်တွယ်နေသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ပြီး တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဒုတိယနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၉၄၈ ပါး/ဦး အနက် ၁၂၃၅၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၆၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## အဝေးသင်သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**အဝေးသင်သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင်သင်တန်း ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၃ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၃၀-၄-၂၀၂၄ ရက်နေ့ (နောက်ဆုံး) နောက်ဆုံးထား၍လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၅-၂-၂၀၂၄ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၁၇-၅-၂၀၂၄ ရက်နေ့ (နောက်ဆုံး) နောက်ဆုံးထား၍လည်းကောင်း သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## မိုးညိုမြို့နယ်၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာ၊ အင်္ဂလိပ်စာအတတ်သင်တန်းဖွင့် ကျင်းပ

**မိုးညို မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ဇီးပင်အုပ်စု တော်ပြန်ကျေးရွာရှိ ပညာဇောတိမင်္ဂလာကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တကောသလ္လ ထံ ဩဝါဒခံယူ၍ စတုတ္ထအကြိမ်မြောက် သာသနာ့ပျိုးခင်း နွေရာသီအခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့်ကွန်ပျူတာ၊ အင်္ဂလိပ်စာအတတ်သင်တန်းဖွင့်ပွဲကို မတ် ၂၇ ရက်က ပညာဇောတိမင်္ဂလာကျောင်းတိုက် ဓမ္မာရုံတွင်ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး တော်ပြန်ကျေးရွာ ပညာဇောတိမင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းမိန့်ကြားသည်။

အဆိုပါသင်တန်းကို လူငယ်များအား ယဉ်ကျေးလိမ္မာပြီး ဘာသာသာသနာကို စောင့်ရှောက်တတ်သော သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန်၊ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး သင်တန်းပို့ချရာတွင် ဆရာတော်၊ သံဃာတော်များနှင့် ကွန်ပျူတာ၊ အင်္ဂလိပ်စာသင်ကြားမည့် ဆရာ ဆရာမများက သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းကို တစ်လခွဲကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ကန်ကြီးထောင့် မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ညောင်ပင်သာနှင့် သရက်တောကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပန်းခင်းစီမံချက်(၃)ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကန်ကြီးထောင့်မြို့နယ် ဦးစီးမှူး ဦးကျော်ဆွေ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ရုံးဝန်ထမ်းများကရပ်ကွက်၊ ကျေးရွာအုပ်စုနေ ပြည်သူများအား အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ပြုလုပ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်နည်းလမ်းများကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉- ၃ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၃၄၈ | ၂,၉၂၅,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၁၇,၈၅၈ | ၅၀,၉၂၈,၆၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၁ | ၈၅,၈၀၀ |
| FPB | ၁,၄၅၀ | ၁,၅၀၀ | ၅၅၆ | ၈၀၇,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁၆ | ၄၀,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁၁၀ | ၁၈၇,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၆၀၀ | ၁၀ | ၄၆,၁၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၃,၉၄၁ | ၇,၀၉၃,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြသည်ကိုတွေ့ရကြောင်း၊ အဆိုပါ ကျေးလက်နေပြည်သူများတွင် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍကို ဆောင်ရွက်သူများမှာ ၄၁ ရာခိုင်နှုန်းခန့်ရှိ

❖ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းသည် သေချာသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်

❖ အလားတူကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို ဆောင်ရွက်နေကြ

❖ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့် ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို

❂ ရှေ့ဖုံးမှ

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း ယေဘုယျအားဖြင့် GDP အရ တိုးတက်မှုရှိခဲ့သည်ကိုတွေ့ရကြောင်း၊ ခြုံငုံသုံးသပ်ကြည့်ပါက နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်ခန့်မှစ၍ နိုင်ငံ့စီးပွားရေး ကျဆင်းခဲ့ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် ယခင်အနုတ်ပြခဲ့သည့် စီးပွားရေးမှ အပေါင်းလက္ခဏာသို့ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် မျှော်မှန်းသလောက် တိုးတက်မှုရှိရန် လိုအပ်သေးသည်ကို တွေ့ရကြောင်း၊ အဓိကအားဖြင့် နိုင်ငံ၏ စီးပွားရေးတိုးတက်ရန်မှာ ကုန်သွယ်မှုလုပ်ငန်းမှ ရငွေနှင့် ကုန်သွယ်မှုမဟုတ်သောလုပ်ငန်းများမှရငွေဟူ၍ အပိုင်းနှစ်ပိုင်းရှိမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှရငွေ၌ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် သယံဇာတထုတ်ကုန်များ ထုတ်လုပ်ခြင်းဟူ၍ရှိမည်ဖြစ်ရာ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးသည် အရေးကြီးကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး အဓိကထားဆောင်ရွက်ခဲ့**

ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုပြုလုပ်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် ပြည်တွင်းထုတ်ကုန်များနှင့် သယံဇာတပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ စာရင်းဇယားများအရ တပ်မတော်အစိုးရလက်ထက်(၂၀၀၇ - ၂၀၀၈ ခုနှစ်)နှင့် ပါတီစုံဒီမိုကရေစီ အစိုးရလက်ထက် (၂၀၀၉–၂၀၁၀ ပြည့်နှစ်)များတွင် ပြည်ပကုန်သွယ်မှုများ မြင့်တက်ခဲ့သည်ကိုတွေ့ရကြောင်း၊ မိမိတို့ အစိုးရသက်တမ်းတွင် နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၌ အခြေခံအကျဆုံးနှင့် နိုင်ငံသူ နိုင်ငံသားအများစုနှင့် ပတ်သက်သည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး အဓိကထား ဆောင်ရွက်ခဲ့ကြောင်း၊ မိမိအနေဖြင့် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့် စက်မှုကုန်ကြမ်း သီးနှံပင်များ စိုက်ပျိုးမှုကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်နိုင်ရေး တွန်းအားပေးကြပ်မတ်ခဲ့ကြောင်း။

နိုင်ငံရေးအရ မိမိတို့နိုင်ငံအပေါ် အနောက်နိုင်ငံများမှ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်မှုများစွာ ပြုလုပ်ခဲ့သကဲ့သို့ မြေအောက်ထွက်ကုန်ဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့နိုင်ခဲ့သော်လည်း ရရှိသည့် ငွေကြေးများ သုံးစွဲ၍မရအောင် ပြုလုပ်ခဲ့ကြကြောင်း၊ ယင်းအခက်အခဲများကြားမှ နိုင်ငံစီးပွားရေး အတိုင်းအတာတစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်ပကြွေးမြီများကိုလည်း သုံးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း၊ ပြန်ဆပ်ငွေ အများစုမှာလည်း ယခင်အစိုးရအဆက်ဆက် ချေးယူခဲ့သည့် အရင်းငွေများဖြစ်ကြောင်း။

**စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး**

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးချဲ့၍ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဟု အပိုင်း(၃)ခုရှိရာ မိမိတို့အစိုးရအနေဖြင့် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးချဲ့၍ အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်ပင် နိုင်ငံ့စီးပွားရေး တိုးတက်မှုကို မြှင့်တင်နိုင်ကြောင်းကို အချို့သော ခိုင်မာသည့်အချက်အလက်များဖြင့် ဥပမာပေး ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧကမှာ ၁၄ သန်းကျော်ရှိကြောင်း၊ မိုးစပါး တစ်ဧကအတွက် ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းမှာ တင်း ၁၀၀ ဖြစ်ကြောင်း၊ သို့သော် ၂၀၂၃–၂၀၂၄ ခုနှစ် အထွက်နှုန်းမှာ ပျမ်းမျှ ၇၈ တင်းကျော်ဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ထက် ၂၂ တင်းခန့်လျော့နည်းကြောင်း၊ ထို့ကြောင့်စပါးတင်း သန်း ၃၀၀ ကျော်ခန့် လျော့နည်းထွက်ရှိခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ တန်ဖိုးသင့် တွက်ချက်ကြည့်ပါက ငွေကျပ် ဘီလီယံ ၇၀၀၀ ခန့် လျော့နည်းခဲ့သည်ကို တွေ့နိုင်ကြောင်း၊ ၎င်းသည် ဥပမာတစ်ခုသာဖြစ်ကြောင်း၊ အလားတူ အခြားအဓိက စိုက်ပျိုးထုတ်ကုန်များဖြစ်သည့် ပြောင်း၊ ပဲမျိုးစုံနှင့် အခြားသီးနှံများလည်း ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိအောင် လုပ်ဆောင်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးမြင့်မားစွာ တိုးတက်လာနိုင်ကြောင်း၊ ၎င်းအပေါ်တွင် ထပ်မံ၍ သီးထပ်စွမ်းအား တိုးချဲ့လုပ်ကိုင်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ မြင့်မားလာမည်ကို သတိပြုမိကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေများစွာရှိသည့်အပြင် သီးထပ်စိုက်ပျိုးနိုင်သည့် မြေနှင့်ရာသီဥတုရှိသော နိုင်ငံဖြစ်ကြောင်း၊ ၎င်းအချက်နှစ်ချက်ကို ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာ့စားနပ်ရိက္ခာ လုံခြုံအာမခံချက်ရှိစေရေး(Food Security) ကဏ္ဍတွင် ထိုက်ထိုက်တန်တန် နေရာရရှိမည့် စိုက်ပျိုးထုတ်လုပ်ရေး စွမ်းအားရှိသည့် နိုင်ငံ(Agriculture Power Country) အဖြစ် ရပ်တည်နိုင်မည်ဖြစ်သဖြင့် ကောင်စီဝင်များ အားလုံးက အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြသည်ကိုတွေ့ရကြောင်း၊ အဆိုပါ ကျေးလက်နေပြည်သူများတွင် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍကို ဆောင်ရွက်သူများမှာ ၄၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းသည် သေချာသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းဖြစ်ကြောင်း၊ အလားတူကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့် ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ Quick Win ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူရောင်းချခြင်း၊ သစ်တောပစ္စည်းများ ထုတ်ယူရောင်းချရာတွင်လည်း အလွန်အကျွံထုတ်ယူခြင်းထက် စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ခွင့်ပြုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူထုတ်လုပ်နိုင်သည့် သစ်နှင့်ဝါးများစွာရှိသဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ပြန်လည်ဖြည့်တင်း စိုက်ပျိုးထိန်းသိမ်းရန်လည်းလိုကြောင်း၊ အလားတူ စပါးစိုက်ပျိုးရာမှ ထွက်ရှိလာသည့် ကောက်ရိုးများကိုလည်း ပျော့ဖတ်နှင့် တိရစ္ဆာန်အစာများအဖြစ် အကျိုးရှိစွာအသုံးချမည်ဆိုပါက နိုင်ငံအတွက်များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့် မိမိတို့ သက်ဆိုင်ရာဒေသများအလိုက် တောင်သူများကို အလုပ်လုပ်နိုင်ရေး အားပေးခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အထောက်အကူပြုစေသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးအတွက်လည်း ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ အချို့ဒေသများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး မဖြစ်မနေ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မဲစာရင်းများအခြေခံ မှန်ကန်ခိုင်မာစေရေး သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းဖြင့် ဆောင်ရွက်၍မရကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များ၊ ကျောင်းပိတ်ရက်ကာလများတွင် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေရေး စီစဉ်ဆောင်ရွက်ပေးသင့်သည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုရှိသည့် နေရာများတွင် အမြန်ဆုံးတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒေသတည်ငြိမ်အေးချမ်းရေး အတွက် ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အဓိကကျသဖြင့် တည်ငြိမ်အေးချမ်းမှုလိုအပ်လျက်ရှိသည့် ဒေသများမှ ပြည်သူလူထုအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ကျောင်းပိတ်ရက်ကာလများကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် လူငယ်များအတွက် ကောင်းမွန်သည့် စိတ်ဓာတ်များ မွေးမြူရရှိနိုင်ရေးအတွက် မိဘအုပ်ထိန်းသူများအနေဖြင့်လည်း တိုက်တွန်းကြပ်မတ် ဆောင်ရွက်နေရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးချဲ့၍ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဟု အပိုင်း(၃)ခုရှိရာ မိမိတို့အစိုးရအနေဖြင့် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးချဲ့၍ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို အထူးအလေးထားဆောင်ရွက်လျက်ရှိ

❖ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်ပင် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သံမဏိထုတ်လုပ်မှုနှင့် ဝါစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများအပါအဝင် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာများ၊ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာ့တပ်မတော်နှင့် ပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ ကျန်းမာရေးဆိုင်ရာ ကူညီမှုများ ဆောင်ရွက်ပေးမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလျက်ရှိမှု အခြေအနေများနှင့် လွှတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံသံအမတ်ကြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအတွက် ဂုဏ်ယူပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး U-25 ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး U-25 ဘောလုံးပြိုင်ပွဲ(အမျိုးသား)ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်

**နေပြည်တော် မတ် ၂၉**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး U-25 ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး U-25 ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း သာမန်ပွဲကစားချိန် ပြီးဆုံးသည်အထိ ဂိုးမရရှိခဲ့ဘဲ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အချိန်ပို ပွဲကစားချိန် ၄ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ဦးဆောင်ဂိုးရရှိခဲ့သည်။ ယင်းနောက် ကချင်ပြည်နယ်အသင်းက ချေပဂိုး ပြန်လည်ရရှိနိုင်ရေး အကြိတ်အနယ်ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ ပွဲကစားချိန် ၂၄ မိနစ်တွင် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့ကာ ပင်နယ်တီအဆုံးအဖြတ် ရယူခဲ့ရသည်။ ပင်နယ်တီ အဆုံးအဖြတ်တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး အားကစားသမားဆုရရှိခဲ့ကြသည့် အားကစားသမားများကို ကောင်စီဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ခွန်စံလွင်၊ ဒေါက်တာဘရွှေ၊ ဒေါက်တာမူထန်နှင့် မန်းငြိမ်းမောင်တို့က လည်းကောင်း၊ စတုတ္ထဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းအား ကောင်စီဝင် ဒေါ်ဒွဲဘူကလည်းကောင်း၊ တတိယဆုရရှိသည့် ကရင်ပြည်နယ် အသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် အသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကို ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။

မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာ့လက်ရွေးစင် ထူးချွန် အားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး U – 25 ဘောလုံးပြိုင်ပွဲကို မတ် ၁၅ ရက်မှစတင်၍ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ထုတ်ပြန်

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ မတ် ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၁ /၂၀၂၄ ဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဧပြီ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂၁ /၂၀၂၄)**
၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်)

**နိဒါန်း**

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများအပါအဝင် အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် နိုင်ငံတော်၏ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်မှုစီမံကိန်း၊ ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ နေ့အထိကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမ ၆ လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ ၆ လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်ပါသည်။

(င) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကိုဆိုသည်။

**အခန်း(၂)**
**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့်ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ-
(၁) လယ်ယာကဏ္ဍတွင် ၂.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၀.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၉.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၆.၅ ရာခိုင်နှုန်း လျော့နည်းရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၉.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၆.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ -
(၁) ကချင်ပြည်နယ်တွင် ၂.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၃.၁ ရာခိုင်နှုန်းလျော့နည်းရန်၊
(၃) ကရင်ပြည်နယ်တွင် ၂.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၀.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၁.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၃.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၁.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၅.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၂.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၂.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၅.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၇ ရာခိုင်နှုန်းမှ ၂၂.၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၆ ရာခိုင်နှုန်းမှ ၃၇.၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၇ ရာခိုင်နှုန်းမှ ၄၀.၀ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၇,၆၂၆.၈ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက်စျေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၇၀၀ သန်းတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၃၀၀ သန်း တင်သွင်းရန်၊

(ဆ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၂,၇၄၂,၆၄၃ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**
**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ၆ တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ ထုတ်လုပ်မှုမှသည် ပြည်တွင်းစားသုံးမှု ဖူလုံရေး ၊ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်တွင်း၌ လိုအပ်သည့် ကုန်ကြမ်းများ ထုတ်လုပ်နိုင်ရေးအတွက် ရေးဆွဲပြီးဖြစ်သည့် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) နှင့် ချိတ်ဆက်ရေးဆွဲဆောင်ရွက်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသတွင်းရှိ အလားအလာရှိသည့် ကုန်စည်များထုတ်လုပ်မှု တိုးတက်စေရေးကို ဦးတည်ပြီး ဒေသတစ်ခုထွက်ကုန်တစ်ခု ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ပြီး ထုတ်လုပ်မှုတွင် အဓိကပါဝင်ဆောင်ရွက်ကြမည့် ထုတ်လုပ်မှုလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုကွန်ရက် (production network) တစ်လျှောက် အချိတ်အဆက်မိမိ ဆောင်ရွက်သွားရန်ဖြစ်သည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မူလရေးဆွဲထားသည့် (၅) နှစ် ဖွံ့ဖြိုးမှုစီမံကိန်းကို ကဏ္ဍအလိုက် ပြန်လည်သုံးသပ်ပြီး ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ လျာထားချက်များကို ကဏ္ဍတစ်ခုနှင့်တစ်ခုအကြား ချိတ်ဆက်၍ ဆောင်ရွက်ရန်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသောစီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသောစီမံကိန်းများဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် လျှော့၍ ခွင့်ပြုခြင်းများဆောင်ရွက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ထုတ်ပြန်

**နေပြည်တော်   မတ်   ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ မတ် ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂၃/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဧပြီ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၃ / ၂၀၂၄)**

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကိုဆိုသည်။
(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။
(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း (၂)**
**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

**အခန်း (၃)**
**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဤဥပဒေပါ အခွန်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။
(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**
**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များမှ ရယူနိုင်သည်။

**အခန်း (၅)**
**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

**အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -
(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊
(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

**ခြွင်းချက်။** သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၀ ကျပ်အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ ကျပ် |
| | ( ခ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၆ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၁၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၉ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၁ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၀၀ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၇ ကျပ် |
| | ( ခ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၂၄ ကျပ် |
| | ( ဂ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၆၀၁ ကျပ်မှ ကျပ် ၅၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၆၅ ကျပ် |

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင့်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၄) ကျင်းပ

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင့်လွှဲပြောင်းမှု ကြီးကြပ်ရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင့်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် အတွင်းရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဗဟိုကော်မတီဝင် ဝန်ကြီးချုပ်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ စိစစ်နိုင်ရန်၊ အမြန်ဆုံးတရားစွဲဆို အရေးယူ ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်နိုင်ရန် ရည်ရွယ်ပြီး **“မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင့်လွှဲပြောင်းမှုကြီးကြပ်ရေး ဗဟိုကော်မတီ”**ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၂၈/၂၀၂၃ ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း။

ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီနှင့် ဗဟိုကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့တို့ကိုလည်း ဗဟိုကော်မတီ၏ အမိန့်အမှတ် (၁/၂၀၂၃)၊ (၂/၂၀၂၃) နှင့် (၃/၂၀၂၃) တို့ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရာတွင် ဗဟိုကော်မတီအနေဖြင့် သက်ဆိုင်ရာ ဌာနများအကြား ပေါင်းစပ် ညှိနှိုင်းပေးခြင်း၊ သက်ဆိုင်ရာ နိုင်ငံသံရုံးများသို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်အကြောင်းကြားနိုင်ရေး ညှိနှိုင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၂၅ ရက်အထိ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ နိုင်ငံခြားသား **စုစုပေါင်း ၅၃၀၈၉ ဦး**ကို ပြည်နှင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ပြည်နှင်လွှဲပြောင်းခဲ့သည့် နိုင်ငံခြားသားစာရင်းတွင် တရုတ်နိုင်ငံသား **၅၁၀၁၀** ပါဝင်ကြောင်း။

မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍လည်းကောင်း၊ ယုံကြည်မှုအပေါ် တလွဲအသုံးချခံရသူများဖြစ်ခြင်းကြောင့်လည်းကောင်း၊ သဘောဆန္ဒမပါဘဲ ရာဇဝတ်မကင်းသောလုပ်ငန်းများတွင် အဓမ္မခိုင်းစေခံရသူများဖြစ်ခြင်းကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများ ဖြစ်သော်လည်း အရေးယူခြင်းမပြုဘဲ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေနှင့်အညီ ပြည်နှင်လွှဲပြောင်းရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် ကရင်ပြည်နယ် မြဝတီဒေသရှိ နိုင်ငံခြားသားများနှင့်ပတ်သက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင်လွှဲပြောင်း၍ သက်ဆိုင်ရာနိုင်ငံများသို့ ပို့ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများအကြား ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်နှင်မိန့်စောင့်ဆိုင်းနေစဉ် ကာလအတွင်း မြန်မာနိုင်ငံရှိ အကျဉ်းထောင်နှင့် အချုပ်ထောင်များတွင် ခေတ္တထိန်းသိမ်းထားသော နိုင်ငံခြားသားများကို လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေးအတွက် ဗဟိုကော်မတီမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၅ ရက်အထိ အကျဉ်းထောင်နှင့် အချုပ်ထောင်များတွင် ထိန်းသိမ်းထားရှိသော နိုင်ငံခြားသား ၈၄ ဦးကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦးက မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံး အရေးယူပြည်နှင်လွှဲပြောင်းနိုင်ရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန(၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၉

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်မှာ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးပင်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအနေဖြင့် တိုင်းရင်းသားစာပေသင်ကြားရေး ဆရာ ဆရာမများ ခန့်ထားရေးကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို တိုင်းရင်းသားဘာသာများဖြင့် ပြန်ဆိုပုံနှိပ်ထုတ်ဝေသည့်ကိစ္စရပ်များ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုဖြန့်ဝေပေးခြင်းကိစ္စရပ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ကို (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုစာအုပ်ထုတ်ဝေ၍ ဖြန့်ဝေခြင်းကိစ္စရပ်များ၊ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို တိုင်းရင်းသားဘာသာသို့ ပြန်ဆိုခြင်းကိစ္စရပ်များ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ခြင်းကိစ္စရပ်များ၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာတွင် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ခြင်းစသည့် ကိစ္စရပ်များကို အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့ပါကြောင်း။



ဝန်ထမ်းများအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံသူများဖြစ်စေရေးအတွက် မိမိတို့၏ အရည်အသွေး၊ အရည်အချင်းများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်း (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်၊ ကျင့်ဝတ်အပါး ၃၀ တို့ကို လိုက်နာစောင့်ထိန်းကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ နှစ်ပတ်လည်အခမ်းအနားမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိမိတို့ဝန်ကြီးဌာန၊ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတော်၏ အကျိုးစီးပွားရလဒ်ကောင်းများကို မိမိကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က လာမည့်နှစ်တွင် ဝန်ထမ်းများအားလုံး အတွေးအမြင်သစ်၊ အားအင်သစ်များဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဌာနဆိုင်ရာသင်တန်းများ၊ ပြိုင်ပွဲများတွင် ဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများ ချီးမြှင့်ပေးပြီး ဝန်ထမ်းများကို ကံစမ်းမဲဖောက်ပေးသည်။

ယင်းနောက် ဝန်ထမ်းများက တိုင်းရင်းသားရိုးရာအဆို၊ အကများဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း အမှုထမ်းများအားလုံး နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့စကားဝိုင်း အမှတ်စဉ် (၅၂) ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ "ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒများ" အမှတ်စဉ် (၅၂) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားသည်။






**ကော်ပိုရိတ်စီမံခန့်ခွဲအုပ်ချုပ်မှု အခန်းကဏ္ဍ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတကာ၌ ကုမ္ပဏီအဖွဲ့အစည်းများ၊ ကော်ပိုရိတ်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်လာကြရာ ကော်ပိုရိတ်စီမံခန့်ခွဲအုပ်ချုပ်မှု (Corporate Governance) ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးလာပါကြောင်း၊ ကော်ပိုရိတ်စီမံခန့်ခွဲအုပ်ချုပ်ရာတွင် လက်တွေ့ဆောင်ရွက်ရသည့် ဥပဒေနှင့် နည်းဥပဒေများ (Rule and Regulations)၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သီအိုရီပိုင်း အရ နားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းအဖွဲ့အစည်း (Multinational Corporation) များရှိလာသည့်အတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒများ၏ အရေးပါမှုသည်လည်း နိုင်ငံတိုင်းတွင် ရှိလာပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ကုမ္ပဏီကိစ္စရပ်များသာမက နိုင်ငံခြားစီးပွားဆက်ဆံရေးပိုင်းဖြစ်သည့် အစိုးရအချင်းချင်း၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများကိုပါ ဆောင်ရွက်လျက်ရှိသည့်အတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒများကို သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဆောင်ရွက်ရာတွင် အဆုံးအဖြတ်ပေးမည့် ပုဂ္ဂိုလ်၊ အစုရှယ်ယာဝင်များ၊ အလုပ်သမားများ၏အခန်းကဏ္ဍ၊ စားသုံးသူများ၏ အခန်းကဏ္ဍနှင့် လူ့အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးသွားမည်ဖြစ်ပါကြောင်းနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏မူဝါဒနှင့် OECD၊ အဓိပ္ပာယ်များ၊ မူဝါဒ၏ အခြေခံသဘောတရား၊ ကုမ္ပဏီများ၏ ဥပဒေဆိုင်ရာ ဂုဏ်သတ္တိများ၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်သဘောတရား၊ ကုမ္ပဏီဆိုင်ရာ အစည်းအဝေးများ၊ အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက်များ၊ ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်များ၊ ဒါရိုက်တာများ၏ ဥပဒေဆိုင်ရာ တာဝန်များ၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် မှတ်ပုံတင်စာရင်း စသည့်ခေါင်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဝိုင်းဝန်းမေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အွန်လိုင်းဖြင့် တက်ရောက်သည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာ့တပ်မတော်သို့လှူဒါန်းသော Aarogya Maitri Cubes နှစ်စုံ လွှဲပြောင်းလက်ခံပွဲ အခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၂၉**

အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသော Aarogya Maitri Cubes နှစ်စုံ လွှဲပြောင်းလက်ခံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ အဆောင်အမှတ် (၄၀)ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး HE Mr. Vinay Kumar နှင့် အဖွဲ့ဝင်များ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ တပ်မှူး ဗိုလ်မှူးချုပ်အောင်မြတ်ကျော်နှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မတော်အရာရှိကြီးများ၊ ပါရဂူ/ဆေးမှူးများ၊ သူနာပြု/ကျွမ်းကျင်သူများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ Aarogya Maitri Cubes ဆိုင်ရာအချက်အလက်များအား Video ဖြင့် ပြသသည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး HE Mr. Vinay Kumar က Aarogya Maitri Cubes များ လှူဒါန်းရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး HE Mr. Vinay Kumar က Aarogya Maitri Cubes နှစ်စုံအတွက် သက်ဆိုင်ရာစာရွက်စာတမ်းများ၊ ဆေးနှင့် ဆေးပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး HE Mr. Vinay Kumar နှင့်အဖွဲ့ဝင်များက ခင်းကျင်းပြသထားသည့် Aarogya Maitri Cubes ဆေးနှင့်ဆေးပစ္စည်းများနှင့် သရုပ်ပြဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

Aarogya Maitri Cubes သည် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများ (Natural Disaster)၊ လူသားတို့၏ တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသောထိခိုက်မှုများ (Humantarian Crisis)တွင် အရေးပေါ်အသုံးပြုရန်အတွက် လိုအပ်သော ဆေးပစ္စည်းများအား အကူအညီလိုအပ်သောနေရာများသို့ အမြန်ဆုံး ပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပေးပို့လှူဒါန်းရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ 'Aarogya' မှာ 'အာရောဂျံ' ကျန်းမာရေးဟု အဓိပ္ပာယ်ရပြီး 'Maitri' မှာ 'မိတ္တ' မိတ်ဆွေဟု အဓိပ္ပာယ်ရသည့်အတွက် မိတ်ဆွေနိုင်ငံများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ထုတ်လုပ်သောပစ္စည်းဟု အဓိပ္ပာယ်ရကြောင်း၊ Aarogya Maitri Cubes တစ်စုံတွင် ပုံးငယ် ၇၂ ပုံး ပါဝင်ပြီး ခွဲစိတ်ခန်းငယ်တစ်ခု၊ အထူးကြပ်မတ်ကုသခန်းငယ် တစ်ခု၊ ပြင်ပလူနာဌာနတစ်ခု၊ ဓာတ်ခွဲခန်းငယ်တစ်ခု၊ ဓာတ်မှန်ဆိုင်ရာ စက်ပစ္စည်းများ၊ ခွဲစိတ်ခန်းသုံး ကိရိယာများ၊ ရောဂါရှာဖွေသည့် Test Kit များ၊ ထမ်းစင်များ၊ မီးစက်များ စသည်ဖြင့် အပြည့်အစုံပါဝင်ကြောင်း၊ ပါဝင်သောပစ္စည်းများမှာ အိန္ဒိယနိုင်ငံထုတ်ပစ္စည်းများဖြစ်ပြီး ဆန်းသစ်သည့် စိတ်ကူးစိတ်သန်းများဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည့်အတွက် မိမိတို့နိုင်ငံနှင့် တပ်မတော်အတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာ့တပ်မတော်အတွက် Aarogya Maitri Cubes နှစ်စုံအား ယခုကဲ့သို့ လာရောက်လှူဒါန်းခြင်းဖြင့် အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအချင်းချင်းအကြား၊ ပြည်သူများအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှုများ ယခုထက် ပိုမိုခိုင်မာ၍ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအတွက် ရေချိုငါးတန် ပိဿာ ၅၀၀ လာရောက်လှူဒါန်း

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်ပြည်သူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိစေတနာရှင်ပြည်သူများက လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရေချိုငါးတန် ပိဿာ ၅၀၀ ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်သို့ လာရောက်လှူဒါန်းသဖြင့် တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဆက်လက် ပို့ဆောင်ပေးရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရောက်ရှိလာသည့် ရေချိုငါးတန်များအား တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ကျင်းပရေးကော်မတီနှင့်ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၉**

၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော်ကာလအတွင်း နေပြည်တော် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။





**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဒေါ်နုမြဇံ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးမောင်မောင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း၊ Brilliant Aura Co.,Ltd မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ် နေပြည်တော် လမ်းလျှောက် သင်္ကြန်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပရေး လုပ်ငန်းကော်မတီပထမအကြိမ် အစည်းအဝေးကို မတ် ၁၅ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ၂၀ ချမှတ်ခဲ့ကာ တက်ရောက်သူများအားလုံးနှင့် သက်ဆိုင်ရာများသို့ သိရှိဆောင်ရွက်နိုင်ရေး ပေးပို့အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီနှင့် ဆပ်ကော်မတီငါးခုကို မတ် ၂၁ ရက်တွင် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းစဉ်များကိုလည်း ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဝန်ကြီးဌာနအသီးသီးက သိရှိအောင် ဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ ယခုနှစ်သင်္ကြန်တွင် ထူးထူးခြားခြားအနေဖြင့် ကိုရီးယားနိုင်ငံမှ K-POP အဆိုရှင်များနှင့် နာမည်ကြီး အနုပညာရှင်များ ပါဝင်ဆင်နွှဲမည်ဖြစ်သကဲ့သို့ ရုရှားနိုင်ငံသံရုံးမှ မဏ္ဍပ်တစ်ခုနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှလည်း ပါဝင်ဆင်နွှဲမည် ဖြစ်ကြောင်း၊ နေပြည်တော် လမ်းလျှောက် သင်္ကြန်သည် နိုင်ငံတော်က စီမံကျင်းပသည့် နှစ်သစ်ကူးပွဲတော်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအားလုံး၊ ဝန်ထမ်းများအားလုံးနှင့် ပြည်လူထု စုပေါင်းပျော်ရွှင်စေရန် ရည်ရွယ်ချက်လည်း ပါဝင်ကြောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် နိုင်ငံတော်၏ အနေအထားအရ ဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ စည်းလုံးမှု၊ ပြည်သူနှင့်အစိုးရ၏ ပေါင်းစည်းမှု၊ တစ်သားတည်းဖြစ်မှုကို ပြသသည့် အနှစ်သာရကို ဖော်ဆောင်သည့်ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုကြောင်း၊ မြို့တော်ဝန် မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် နှစ်ခုလုံးတွင် ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် စီမံဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊ အနုပညာရှင်များကို ဖိတ်ကြားထားပြီး နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို စည်စည်ကားကားဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးသန်းထွန်းဦးက နေပြည် တော် လမ်းလျှောက်သင်္ကြန်ကို ယခင် နှစ်မှစတင်ကျင်းပခဲ့ပြီး ပြည်သူလူထုနှင့် ဝန်ထမ်းများ ပူးပေါင်း၍ အတူတကွပျော်ရွှင်စွာ ဆင်နွှဲကြသည့် ရည်ရွယ်ချက်မှာ ကောင်းမွန်ပါကြောင်း၊ မြန်မာ့ရိုးရာအတာ သင်္ကြန်ကို နိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော်တွင် ပြည်သူနှင့် ဝန်ထမ်းများ ယဉ်ကျေးပျော်ရွှင်စွာဆင်နွှဲနိုင်အောင် ဆောင်ရွက်မည်ဖြစ်ပြီး နေပြည်တော်ကော်စီ အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကျင်းပရေး ကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က လမ်းလျှောက် သင်္ကြန်ကျင်းပနိုင်ရေး ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေ များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ Brilliant Aura Co.,Ltd မှ ပရောဂျက်ဒါရိုက်တာက လမ်းလျှောက်သင်္ကြန် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းလျှောက် သင်္ကြန်အတွက် ပေါင်းစပ်ညှိနှိုင်း ရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်နေသည့် မြန်မာ့အသံ နှင့်ရုပ်မြင်သံကြား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် အောင်က ၂၀၂၄ ခုနှစ် နေပြည် တော်လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဖျော်ဖြေကြမည့် ကိုရီးယား နိုင်ငံမှ အနုပညာရှင်အဖွဲ့၏ ဖျော်ဖြေရေးနှင့် အုပ်ချုပ်မှုကိစ္စ များ ဆောင်ရွက်မည့် အစီအမံများ၊ မဏ္ဍပ်များ နေရာချထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ နေပြည်တော်ကောင်စီ ဝင်၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော် လမ်းလျှောက် သင်္ကြန် မဏ္ဍပ်ဆောက်လုပ်ရန် လျာထားမှု၊ ရေရရှိရေး၊ ဖျော်ဖြေ ရေး၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ယိမ်းအဖွဲ့များ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေး အပါအဝင် သင်္ကြန် ပွဲတော်အား အားလုံးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပေါင်းစပ် ဆောင်ရွက်သွားမည့် အစီအမံ များနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ-ရုရှား ချစ်ကြည်ရေး အသင်းအတွင်းရေးမှူးက ရုရှား ဖက်ဒရေးရှင်းနိုင်ငံ လူငယ် အနုပညာအဖွဲ့ Tavrida-Art မှ ပင်တိုင်အမျိုးသမီးတေးသံရှင် Nika Dubik ဦးဆောင်ပါဝင်သော အနုပညာရှင်များ၏ သီဆိုဖျော် ဖြေမှုပါဝင်မည်ဖြစ်ပြီး ယခုနှစ် သင်္ကြန်တွင် မြန်မာနိုင်ငံမှ လူငယ် အဆိုတော် မိုးအာကာဝင်းနှင့် တွဲဖက်၍ မြန်မာ-ရုရှား နှစ်ဘာသာ ပေါင်းစပ် ရေးသားထားသော မြူးကြွသည့် သီချင်းအသစ်များနှင့် သီဆိုဖျော်ဖြေသွားရန် စီစဉ်ထား သည့်အခြေအနေများနှင့် စပ်လျဉ်း ၍လည်းကောင်း ဆွေးနွေးတင်ပြ ကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည် တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌတို့က ဖြည့်စွက် ဆွေးနွေးကြပြီး ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ပုသိမ်မြို့၌ ဆရာဝန်နှင့် သူနာပြုများအတွက် အရေးပေါ်ကုသမှုသင်တန်းဖွင့်ပွဲ ကျင်းပ

**ပုသိမ် မတ် ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနက ဖွင့်လှစ်သော Emergency Care Training for Medical Officers and Nurses ဆရာဝန်နှင့် သူနာပြုများအတွက် အရေးပေါ်ကုသမှုသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ဆောင် Conference Hall တွင် ကျင်းပခဲ့သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြောက်ဥက္ကလာပ ဆေးရုံကြီး အရေးပေါ်ကုသမှု ဆေးပညာဌာန ပါမောက္ခ ဒေါက်တာခိုင်ရွှေဝါက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ သင်တန်းကို မတ် ၂၈ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများမှ ဆရာဝန်၊ သူနာပြုသင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၈၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၉**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်တွင် ကျရောက်မည့် (၈၇) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် - ၁၀၀၀) ၌ ကျင်းပသည်။



စုပေါင်း သွေးလှူဒါန်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သွေးလှူရှင်ဝန်ထမ်း ၄၃ ဦးတို့က သွေးလှူဒါန်းကြရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယစာရင်း စစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြပြီး ဆေးဝါး၊ ကြက်ဥ၊ အားဖြည့်အချိုရည်၊ ရေသန့်နှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆေးရုံတက်ရောက် ကုသလျက်ရှိသော လူနာများအသုံးပြုရန်အတွက် လာရောက်သွေးလှူဒါန်းကြသည့် သွေးလှူရှင် ဝန်ထမ်း ၄၃ ဦးကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအား နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် စားသုံးဆီထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြိုးပမ်းလျက်ရှိ

နေပြည်တော် မတ် ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ ညနေပိုင်းတွင် ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာ နွေစပါးစံပြကွက်၌ ရေအသုံးချသူများအဖွဲ့ (WUG) ဝင်တောင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသ၏ ရေရရှိရေးလုပ်ငန်းများ၊ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆည်ရေသောက်ဒေသများတွင် လက်ရှိစိုက်ပျိုးလျက်ရှိသော ရောမင်းစပါးမျိုးကို စိုက်ပျိုးရေးဦးစီးဌာနက ဇီဝနည်းပညာဖြင့် မျိုးဗီဇပြုပြင်ထုတ်လုပ်ထားသည့် သက်တမ်းတို ရောမင်းစပါးမျိုးဖြင့် အစားထိုးစိုက်ပျိုးမည်ဆိုပါက သီးထပ်စိုက်ပျိုးရန် အချိန်ပိုမိုရရှိနိုင်သဖြင့် လာမည့်ရာသီတွင် တောင်သူနှင့်ပူးပေါင်း၍ သက်တမ်းတို ရောမင်းစပါးမျိုးကို စမ်းသပ်စိုက်ပျိုးပြီး တောင်သူနှစ်သက်ပါက ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်သွားရန်၊ ယခုအချိန်တွင် နှမ်းများ ရေသွင်းစိုက်ပျိုးနေချိန်ဖြစ်၍ ဆည်ရေများ၊ မြစ်ရေတင်နှင့် မြေအောက်ရေများကို အလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲပြီး နှစ်သီးမှ သုံးသီး တိုးတက်စိုက်ပျိုးနိုင်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးတို့အတွက် တောင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားပြီး စက်မှုလယ်ယာဦးစီးဌာန အင်းကုန်းစက်မှုအလုပ်ရုံက ထုတ်လုပ်သည့် အပေါ့စားလက်ဆွဲကောက်စိုက်စက်ကို တောင်သူများ လက်တွေ့အသုံးပြုပြီး နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ပွင့်ဖြူမျိုးသန့်ခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေ၊ မြေ၊ ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ မျိုးဗီဇမှန်ကန်ပြီး မျိုးစေ့အရည်အသွေးနှင့်ပြည့်စုံသော မျိုးစေ့ရရှိရေးအတွက် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကိုစနစ်တကျဆောင်ရွက်ရန်၊ စီးပွားရေးအရ တွက်ခြေကိုက်သောသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပွင့်ဖြူမျိုးသန့်ခြံ မျိုးစေ့ထုတ်စိုက်ကွင်းတွင် ခေတ်မီမျိုးစေ့ချကိရိယာ အသုံးပြု၍ မျိုးစေ့ထုတ်ရန် နွေနှမ်းစိုက်ပျိုးနေမှု၊ ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းစိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲတို့ကို ကြည့်ရှုအားပေးသည်။

နှမ်းသီးနှံစိုက်ပျိုးရာတွင် ရေငတ်ဒဏ်နှင့် ရေဝပ်ဒဏ်တို့ကြောင့် သီးနှံပျက်စီးမှုမှ ကာကွယ်နိုင်စေရန်နှင့် ရေသွင်းရေထုတ်ခြင်းကို လိုအပ်သလိုစီမံဆောင်ရွက်နိုင်ရန်အတွက် ပေါင်(ဘောင်)ကြီးတင်စနစ်အသုံးပြုစိုက်ပျိုးရန်လိုကြောင်း၊ နှမ်းသီးနှံ ပန်းတိုင်အတွက်နှုန်းရရှိစေရန် အပင်ဦးရေပြည့်မီစွာ စိုက်ပျိုးရှင်သန်စေရေး ဂရုပြုရန်နှင့် မျိုးစေ့ကုန်ကျမှုသက်သာစေရေးအတွက် နှမ်းမျိုးစေ့ချကိရိယာများအသုံးပြုရန်လိုအပ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပွင့်ဖြူစိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက စာသင်နှစ်အလိုက် ဆောင်ရွက်လျက်ရှိသော စာတွေ့၊ လက်တွေ့ သင်ကြားသင်ယူရေးလုပ်ငန်းများ၊ ကျောင်းသား ကျောင်းသူများ၏ ကာယဉာဏဖွံ့ဖြိုးရေး စီမံဆောင်ရွက်နေမှုများ၊ လာမည့် စာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်မည့် မွေးမြူရေးဒီပလိုမာသင်တန်းအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆရာကျင့်ဝတ်သိက္ခာနှင့်အညီ စံနမူနာပြ ပြုမူဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူရေးအပိုင်း၏ ထိရောက်အောင်မြင်နိုင်မှု၊ ဆရာ့ထက်တော်သော တပည့်များ၊ စွမ်းဆောင်ရည်မြင့်မားသော မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန် ဆရာတစ်ဦးချင်း၏ သက်ဆိုင်ရာဘာသာရပ်များအပေါ် ကျွမ်းကျင်မှုရှိစေရေးအတွက် စဉ်ဆက်မပြတ်လေ့လာအားထုတ်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး စိုက်ပျိုးရေးသိပ္ပံကျောင်း၏ လက်တွေ့သင်ကြားလေ့ကျင့်ရေး စိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မကွေးမြို့ ပုဂ္ဂလိကဆီစက်လုပ်ငန်းရှင်များ၏ နေကြာဆီနှင့် မြေပဲဆီထုတ်လုပ်သည့် ဆီစက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်အကြံဉာဏ်များဆွေးနွေးပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်အတွင်း ဝါစက်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် မတ် ၂၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဝါစက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ နေခြည်ဝင်းဝါစက်သို့ရောက်ရှိပြီး ဝါဖန်စက်များဖြင့် ဝါဂွမ်းအထုပ်များထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လက်ရှိဝါဖန်စက်များမှ ဝါဂွမ်းအထုပ်များ ထုတ်လုပ်ရောင်းချမှုအဆင့်မှ ချည်ဖြစ်သည်အထိ လိုအပ်သော နည်းပညာ၊ စက်ပစ္စည်းများကို ပံ့ပိုးပြီး Value Added အဖြစ် အဆင့်ဆင့် ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ဝါစိုက်ဧကအပေါ် အခြေခံ၍ ကုန်ကြမ်းရရှိမှုအပေါ်မူတည်ကာ ဝါဖန်စက်များ ထပ်မံလိုအပ်မှု ရှိ/မရှိ တင်ပြပေးရန်နှင့် ထပ်မံလိုအပ်သော စက်များကို ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်နိုင်သည့်အတွက် တိုးချဲ့ဆောင်ရွက်လိုပါက ဆောင်ရွက်မည့် အစီအစဉ်များ ပြန်လည်တင်ပြကြရန် လိုအပ်ကြောင်း၊ ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲနိုင်ရေး ဝါစေ့ဆီကြိတ်ခွဲစက် ဆောင်ရွက်မည့် အစီအစဉ်များ တင်ပြကြရန် လိုအပ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် အလယ်ကျွန်းကျေးရွာရှိ ရွှေဝါကျွန်းလယ်ယာနှင့် အထွေထွေ စီးပွားသမဝါယမအသင်း၌ ကျင်းပသည့် ဝါစိုက်အသင်းသားတောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားနှင့် ဝါမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဝါစိုက်တောင်သူများအနေဖြင့် ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး စိတ်တူကိုယ်တူ ဆန္ဒတူသူများဖြင့် သမဝါယမအသင်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပါက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေရရှိရေးနှင့် နည်းပညာရရှိရေးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ဝါစိုက်တောင်သူများအနေဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း၊ လိုအပ်သော သွင်းအားစုများရရှိရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှလည်းကောင်း၊ Contract Farming ဆောင်ရွက်သည့် ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လည်းကောင်း ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် စက်ပစ္စည်းလိုအပ်ချက်များကို စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး MSME ချေးငွေများ ရရှိရေး ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နှင့် အမြဲတမ်းအတွင်းဝန်တို့က အလယ်ကျွန်းကျေးရွာရှိ ရွှေဝါကျွန်းလယ်ယာနှင့် အထွေထွေစီးပွားသမဝါယမအသင်းမှ ဝါစိုက်တောင်သူ ၄၇၄ ဦး၏ လယ်ယာမြေစိုက်ဧက ၁၄၅၀ တွင် စိုက်ပျိုးရန်အတွက် India နိုင်ငံထုတ် RAKA ဝါမျိုးစေ့များကို အသင်းသားတောင်သူများ လက်ဝယ်သို့ပေးအပ်ကာ အသင်းသားတောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မရမ်းကုန်းမြို့နယ်၌ အဆင့်မြင့် Digital C.T မီတာများ အစားထိုးလဲလှယ်တပ်ဆင်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများမရှိစေရေးတို့အတွက် လက်ရှိအသုံးပြုလျက်ရှိသည့် Anlog C.T မီတာအဟောင်းများကို အဆင့်မြင့် Digital C.T မီတာများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးယဉ်မိုး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိုက်ထွန်းမောင်တို့၏ ကြီးကြပ်မှုဖြင့် ယင်းခရိုင် ကွပ်ကဲမှုအောက်ရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး ခြောက်ရုံးမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ လဲလှယ်ရန်ရှိသည့် မီတာ ၃၂၈ လုံးအနက် မတ် ၂၈ ရက် အထိ မီတာ ၂၁၁ လုံး လဲလှယ်နိုင်ခဲ့ပြီး ကျန်ရှိသည့်မီတာများအား အမြန်ဆုံး အစားထိုးလဲလှယ်တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဒေသခံတိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဆီဆိုင်မြို့အား အမြန်ဆုံးပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်၊ ထောက်ပံ့ငွေများပေးအပ်





အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ မီးရှို့ဖျက်ဆီးခဲ့သည့် ဆီဆိုင်မြို့မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၃၁၀ တွင် တည်ရှိပြီး မြောက်ဘက်တွင် ဟိုပုံးမြို့နယ်၊ အရှေ့ဘက်တွင် မောက်မယ်မြို့နယ်၊ တောင်ဘက်တွင် ကယားပြည်နယ်၊ အနောက်ဘက်တွင် ဖယ်ခုံမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်ကြသည့် မြို့တစ်မြို့ဖြစ်သည်။

**အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ခဲ့**

အဆိုပါ အေးချမ်းသာယာသည့် ဆီဆိုင်မြို့အပါအဝင် ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများသို့ KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ သွေးထိုးမြှောက်ပင့်စည်းရုံးမှုများကြောင့် မိမိဒေသလူမျိုးများ ပျက်စီးဆုံးရှုံးစေမှုကို မငဲ့ကွက်တော့ဘဲ ဒေသအတွင်း မိမိဩဇာအာဏာ လွှမ်းမိုးစေရန် ရည်ရွယ်သည့် PNLO အဖွဲ့သည် အဆိုပါအဖွဲ့များနှင့်အတူ အင်အားစုစည်း၍ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ ကျေးရွာသူ၊ ကျေးရွာသားများအသွင်ဖြင့် စိမ့်ဝင်ပုံဖျက်ဝင်ရောက်ပြီးနောက် ဒေသအချို့ရှိ တပ်မတော်တပ်စခန်းများ၊ လုံခြုံရေးတပ်ဖွဲ့များ၏ တပ်ဌာနချုပ်များအား ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကျေးရွာများအတွင်းရှိနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့်ပစ္စည်းများအား အတင်းအဓမ္မ လုယက်ယူဆောင်ခြင်းစသည့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ကြရသည်။

အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားလုံးနှင့် ပူးပေါင်း၍ ၃၂ ရက်ကြာ အစွမ်းကုန်သောင်းကျန်းသူချေမှုန်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများသည် ၎င်းတို့၏သက်ဆိုင်ရာကျေးရွာများသို့ ပြန်လည်အခြေချဝင်ရောက်နေထိုင်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများက အကြမ်းဖက်သမားများ ဖျက်ဆီးသွားခဲ့သည့် မြို့၊ ရွာများ သန့်ရှင်းသာယာလှပရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိသည်။





ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ပအိုဝ်းတိုင်းရင်းသားများနေထိုင်သည့် ကျေးရွာများအား PNLO ၊ KNDF ၊ PDF အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခဲ့သည့် ဆီဆိုင်မြို့အတွင်း ပျက်စီးသွားသော လူနေရပ်ကွက်၊ သာသနိကအဆောက်အအုံ၊ ကျန်းမာရေးနှင့် ပညာရေး စသည့်အရေးကြီးနေရာများကို နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မြို့ဂုဏ်ဆောင် မွေတော်ဘုရားကြီးအတွက် အလှူငွေများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။




ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာအတွင်းနေထိုင်သည့် ဒေသခံတိုင်းရင်းသားပြည်သူများအား တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**လက်နက်မှောင်ခိုမှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်**

အစဉ်အဆက် တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLO အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ယခုကဲ့သို့ အရုပ်ဆိုးအကျည်းတန်ခဲ့ရပြီး ၎င်းအဖွဲ့အနေဖြင့် လက်နက်မှောင်ခိုမှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ပင်လုံမြို့ ဆနင်းကျေးရွာဘက်မှ ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာဘက်သို့ မောင်းနှင်လာသည့် ယာဉ်ပေါ်မှ Type-81 အမျိုးအစား လက်နက် ၄၉၉ လက်၊ ကျည်အိမ် ၄၉၈ ခုနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် စံဖူးကျေးရွာ၌ မော်တော်ယာဉ်ငါးစီးဖြင့် တင်ဆောင်လာသည့် လက်နက်၊ ခဲယမ်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးစဉ် ၎င်းတို့အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ပျက်စီးနေသော လက်နက်မျိုးစုံ ၅၀၄ လက်၊ အာပီဂျီ ၁၀ လက်၊ ၁၀၇ မမ ရော့တိုက်ဒုံးခြောက်လုံးနှင့် ခဲယမ်းအချို့ကို လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းရရှိခဲ့သည်။

စာမျက်နှာ ၁၃ သို့ ☆





တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ဆီဆိုင်မြို့တွင်း စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်နေသည့် မှတ်တမ်းဓာတ်ပုံများ။

☆ စာမျက်နှာ ၁၂ မှ

အထက်ပါဖြစ်စဉ်များနှင့် စပ်လျဉ်း၍ PNLO အကြမ်းဖက်အဖွဲ့အနေဖြင့် NUG ၊ KNPP ၊ KNDF နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ မြှောက်ပင့်စည်းရုံးမှုကြောင့် ဒေသအတွင်း အာဏာတည်ဆောက်နိုင်ရေး၊ အကြမ်းဖက်အုပ်ချုပ်ရေးအတွက် အကြောက်တရားဖြင့် မိမိတို့ လူမျိုးတူ ပအိုဝ်းတိုင်းရင်းသားတို့အပေါ် စာနာမှုကင်းမဲ့စွာ ၎င်းတို့၏ လက်နက်မှောင်ခိုမှုအား သတင်းပေးအဖြစ် စွပ်စွဲ၍ ပအိုဝ်းတိုင်းရင်းသားများ နေထိုင်သည့် ကျေးရွာများအား မီးရှို့မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသအတွင်း အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ပြည်ထောင်စုလမ်းမကြီးအား ဖြတ်တောက်ပိတ်ဆို့ရန်အတွက် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ လုံခြုံရေးတပ်စခန်းများအား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူချေမှုန်းရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ အကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၁၆ ကြိမ် ဖြစ်ပွားခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မတ် ၁ ရက်တွင် ယာယီရပ်တန့်ခဲ့သည့် ခရီးသွားယာဉ်များနှင့် ကုန်တင်ယာဉ်များ ပုံမှန်အတိုင်း သွားလာနိုင်ခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါဖြစ်စဉ်များတွင်လည်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့၏ အုပ်ချုပ်မှုအောက် ပအိုဝ်းတိုင်းရင်းသားကျေးရွာတိုင်းမှ ကျေးရွာလူထုအားလုံးနီးပါးက လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့ အချိန်တိုအတွင်း အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

### ပြန်လည်ထိန်းချုပ်နိုင်ခဲ့

NCA လက်မှတ်ရေးထိုးသော်လည်း ဒေသခံမဟုတ်သည့် အခြားသော အကြမ်းဖက်သောင်းကျန်းသူများ၏ မြှောက်ပင့်စည်းရုံးမှုအပေါ် အာဏာတည်ဆောက်နိုင်ရေး စိတ်ကူးယဉ်မှုနှင့်အတူ PNLO အကြမ်းဖက်အဖွဲ့၏ မိမိလူမျိုးချင်းအပေါ် သစ္စာမဲ့စွာ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် သည်းမခံနိုင်တော့သဖြင့် ဆီဆိုင်မြို့ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် ရွာလုံးကျွတ်နီးပါး အင်အားစုစည်း၍ တပ်မတော်၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလက်တွဲ၍ ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်တိုက်ခိုက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ဟိုခဲဘုန်းကြီးကျောင်းနှင့် ဆေးရုံကို လည်းကောင်း၊ မတ် ၂ ရက်တွင် ဆေးရုံဝန်ထမ်းအိမ်ရာနှင့် ရဲစခန်းကိုလည်းကောင်း၊ မတ် ၁၃ ရက်တွင် မွေတော်ဘုရားကုန်းကို လည်းကောင်း၊ မတ် ၁၈ ရက်တွင် စံဖူးကျေးရွာကို လည်းကောင်း၊ မတ် ၁၉ ရက်တွင် ကျောက်ကချားကျေးရွာကို လည်းကောင်း၊ မတ် ၂၅ ရက်တွင် ဘုရားဖြူလမ်းဆုံကို လည်းကောင်း သိမ်းပိုက်နိုင်ခဲ့ပြီး ဆီဆိုင်မြို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ တိုက်ပွဲဖြစ်စဉ်အတွင်း အကြမ်းဖက်သောင်းကျန်းသူ အလောင်းအချို့နှင့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး စစ်သည်အချို့၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်အချို့နှင့် ဒေသခံတိုင်းရင်းသားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယခုကဲ့သို့ ဆီဆိုင်ဒေသအား PNLO၊ KNDF၊ KPDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏ လက်မှ အမြန်ဆုံးပြန်လည်ရယူထိန်းချုပ်နိုင်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် အားတက်သရော အသက်စွန့်၍ ဒေသအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့်ပင်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



PNLO ၊ KNDF ၊ PDF အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်မြို့အတွင်းရှိ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။



PNLO ၊ KNDF ၊ PDF အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်မြို့အတွင်းရှိ မြို့နယ်ကျန်းမာရေးဦးစီးမှူးရုံးအား ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။



PNLO ၊ KNDF ၊ PDF အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်မြို့အတွင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအား ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Back To University” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက်နေ နန့်စုဒေဝီ(ခ)အိပ်ပို့အား မွန်းလွဲ ၁ နာရီခွဲတွင် တာမွေမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုခါကို သက်သေပြု၍ ..... အေးချမ်းပါစေ မြေပုံမြေ

မောင်နွေသစ်

အဖျက်စွမ်းအားကြီးမားတဲ့ မိုခါမုန်တိုင်း ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့တာ လာမယ့် မေလ ၁၄ ရက်နေ့ဆိုရင် တစ်နှစ်တင်းတင်းပြည့်ပြီ။ မိုခါကိုအန်တုဖို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ သွေးချင်းညီအစ်ကိုတွေဖြစ်တဲ့ ရခိုင်ပြည်နယ်သူ ပြည်နယ်သားတွေအပေါ် ကျရောက်လာမယ့် သဘာဝဘေးဆိုးကြီးကို စည်းလုံးညီညွတ်မှု စွမ်းပကားနဲ့ ဝိုင်းဝန်းကာကွယ် ကူညီခဲ့ကြတယ်။ မုန်တိုင်းကျရောက်စဉ် ငွေအား၊ လူအား၊ ပစ္စည်းအားပါမကျန် အစွမ်းကုန်ထောက်ပံ့ပေးခဲ့ကြတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ အမြန်ဆုံးပြီးမြောက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ချက်တွေဟာ ကျွန်တော်တို့အားလုံး "အရေးကြီးရင် သွေးနီး၊ အရေးကြုံရင် သွေးဆုံ"တယ်ဆိုတဲ့ စကားကို သက်သေထူပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။

### ကြိုတင်ပြင်ဆင်

မုန်တိုင်းဝင်လုဆဲဆဲ မေလ ၁၄ ရက်နေ့ နံနက်စောစောမှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုတဲ့ အကြီးအကဲ ပုဂ္ဂိုလ်တွေဟာ မြန်မာနိုင်ငံဘက်ကို ဝင်ရောက်တော့မယ့် မုန်တိုင်းအခြေအနေရှိနေတာကြောင့် သဘာဝဘေးအန္တရာယ် မကျရောက်မီနဲ့ ကျရောက်ပြီးအချိန်မှာ လိုအပ်တဲ့ အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်းနဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်တွေ ဆောင်ရွက်ပေးနိုင်ဖို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အရေးပေါ် အစည်းအဝေးတစ်ရပ် ကာကွယ်ရေးဦးစီးချုပ်ရုံး စုဝေးခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေးမှာ နိုင်ငံတော်ဝန်ကြီးချုပ်က ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း မုန်တိုင်းသတိပေးချက်တွေ ဆက်တိုက်ထုတ်ပြန်ပေးခဲ့တဲ့အကြောင်း၊ လွန်ခဲ့တဲ့ သုံးရက်ခန့်ကတည်းက အနီရောင်အဆင့် မုန်တိုင်းသတိပေးချက်ကို ဆောလျင်စွာထုတ်ပြန်ဆောင်ရွက်ခဲ့တဲ့အကြောင်း၊ ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်ခံရတဲ့ ဒေသတွေမှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားဖို့ ပြောကြားခဲ့တာကိုလည်း သတိပြုမိပါတယ်။

ဒါကြောင့်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ နိုင်ငံတစ်ဝန်းက တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ဝန်ကြီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်းတွေ၊ ပရဟိတအဖွဲ့အစည်းတွေဟာ အသုတ်လိုက်၊ အသုတ်လိုက် မုန်တိုင်းဝင်ရောက်ရာ ရခိုင်ပြည်နယ် မြို့အသီးသီးသို့ ဦးတည်ထွက်ခွာသွားကြပါတယ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ကျွန်းသာယာ ကျေးလက်ကျန်းမာရေးဌာနကို တွေ့ရစဉ်။

ကူညီကယ်ဆယ်ရေး ပစ္စည်းတွေဖြစ်တဲ့ အစားအသောက်၊ အဝတ်အထည်၊ ပန်းကန်ခွက်ယောက်နဲ့ ဆေးဝါးများပါမကျန် တင်ဆောင်ထားတဲ့ မော်တော်ယာဉ်တန်းတွေ၊ သင်္ဘောကြီးတွေဆိုတာလည်း စစ်တွေမြို့ကို ဦးတည်ထွက်ခွာကြပါတယ်။ ဒါ့အပြင် အိမ်ဆောက်ပစ္စည်းတွေဖြစ်တဲ့ သွပ်၊ သံ၊ သစ်၊ ဘိလပ်မြေအိတ်တွေ တင်ဆောင်ထားတဲ့ သင်္ဘောကြီးတွေဆိုလည်း မနည်းမနော မုန်တိုင်းမကျရောက်မီနဲ့ ကျရောက်ပြီးကာလတွေမှာ နေ့စဉ်ရက်ဆက် ထွက်ခွာသွားတာ သတိပြုမိပါတယ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ကျွန်းသာယာ ကျေးလက်ကျန်းမာရေးဌာန ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

### တားမရတဲ့ သဘာဝဘေး

သဘာဝဘေးဆိုတာ မဖြစ်အောင် တားဆီးလို့ မရနိုင်ပါဘူး။ ထိခိုက်မှု လျော့နည်းအောင် ကြိုတင်ကာကွယ်တဲ့ နည်းလမ်းပဲရှိပါတယ်။ နောက်ဆုံးမှာတော့ ဘင်္ဂလားပင်လယ်အော်မှာ စတင်ဖြစ်ပေါ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်း မိုခါဟာ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲလောက် အချိန်ကစပြီး ရခိုင်ကမ်းရိုးတန်းရှိ စစ်တွေမြို့အနီးကနေ ကုန်းတွင်းပိုင်းကို စတင်ဖြတ်ကျော်ဝင်ရောက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ် ရှိတဲ့အနက်က မြောက်ပိုင်းကမြို့နယ်တွေဖြစ်တဲ့ စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ မြေပုံမြို့နယ်တွေဟာ ပိုပြီးထိခိုက်ပျက်စီးသွားခဲ့ပါတယ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

မုန်တိုင်းဆိုတဲ့အတိုင်း တကယ့်ကြောက်ဖွယ်ရာပါပဲ။ လေကကြမ်း၊ မိုးကသည်းနဲ့ အိမ်ခေါင်မိုးသွပ်ပြားတွေဆိုတာ တဂျမ်းဂျမ်း လန်ထွက်ကုန်ပြီ၊ လမ်းမပေါ်က သစ်ပင်ကြီးတွေဆိုတာ ကျွမ်းထိုးမှောက်ခုံ ကျွတ်ထွက်ကုန်တာ မြင်မကောင်းရှုမကောင်း၊ လမ်းဘေး ဓာတ်တိုင်တွေဆိုတာလည်း ဇက်ကျိုး၊ ခါးပြတ်တွေချည်းပဲ၊ မဟာဓာတ်အားလိုင်းတိုင်တွေ၊ ရုပ်သံထပ်ဆင့်လွှင့် တာဝါတိုင်တွေဆိုတာလည်း ဖောက်ထိုးမိုးမျှော်တွေ ဖြစ်လို့ပါလား။ မိုးသည်း လေကြမ်းလို့ အမြစ်မကျွတ်သော်လည်း အချို့အပင်တွေဟာ တောမီးလောင်ထားသလို သစ်ရွက်တွေမရှိတော့။ နေအိမ် အဆောက်အအုံတွေ **စာမျက်နှာ ၁၅ သို့ »»**



ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကုလားပုန်းကျွန်း ရေငန်တားတာ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ် ငမန်းရဲကျွန်းရေငန်တားတာ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။






ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ကြက်ရေကျေးရွာ ကျန်းမာရေးဌာနခွဲ(ဝဲပုံ)နှင့် ပြန်လည်ပြုပြင်ပြီးစီးမှု(ယာပုံ)တို့ကို တွေ့ရစဉ်။

»»» **စာမျက်နှာ ၁၄ မှ**

ဆိုတာလည်း ပြိုတဲ့အိမ်တွေကပြို၊ အမိုးလန်တဲ့အိမ်တွေက လန်ကျနဲ့ တကယ့်ကို စိတ်ချောက်ချားစရာ မြို့ပျက်ကြီးတွေ ဖြစ်နေပါလား။

ဒီအထဲ သစ်ပင်ပိလို့၊ အိမ်ပေါ်က ပြုတ်ကျလို့၊ ရေနစ်လို့ စတဲ့ ထိခိုက်သူတွေဆိုတာတွေလည်းရှိတော့ ငိုကြွေးအော်ဟစ်သူတွေဆိုတာလည်း နေရာအနှံ့ မြင်ရ၊ တွေ့ရ၊ ကြားရတော့ တကယ့်အနိဋ္ဌာရုံ မြင်ကွင်းတွေပါပဲ။ ဒီကြားထဲ နေစရာဆိုတာမရှိ၊ စားစရာဆိုတာ နတ္ထိဆိုတော့ ခိုင်မာတဲ့ တိုက်အိမ်သွား နားခိုမိလို့ တိုက်ပြို အုတ်နံ့ရုံပိတဲ့သူတွေဆိုလည်း ရှိသေး။ မုန်တိုင်းရဲ့ ရက်စက်ကြမ်းကြုတ်မှုကတော့ ပြောမကုန်အောင်ပါဘဲ။

**မိုခါဒဏ်ခံရတဲ့ မြေပုံမြို့နယ်**

အဖျက်စွမ်းအားကြီးမားတဲ့ မိုခါမုန်တိုင်းဒဏ်ခံရတဲ့ မြို့နယ်တွေထဲမှာ မြေပုံမြို့နယ်လည်း အပါအဝင်ဖြစ်ပါတယ်။ မုန်တိုင်းအပြီး ထိခိုက်ပျက်စီးမှုစာရင်းကောက်ကြည့်လိုက်တော့ လူသေဆုံးမှု တစ်ဦးသာ ရှိပါတယ်။ တိရစ္ဆာန်သေဆုံးမှု အနေနဲ့ကတော့ ကျွဲ ၃၇ ကောင်၊ နွားအကောင်၂၀၊ ဝက် ၁၅ ကောင်ဆိုတော့ အခြားမြို့နယ်တွေနဲ့စာရင် ထိခိုက်မှု အနည်းဆုံးလို့ ဆိုနိုင်ပါတယ်။

လူနေအဆောက်အအုံ ပျက်စီးမှုကတော့ တစ်စိတ်တစ်ပိုင်းပျက်စီးမှု အဆောက်အအုံ ၆၃၉၁ လုံး၊ လုံးဝပျက်စီးမှု ၁၁၂၈ လုံးနှင့် တဲအိမ် ၁၁၂၈ လုံး ပျက်စီးသွားခဲ့ပါတယ်။ ဌာနဆိုင်ရာ ရုံးအဆောက်အအုံ ၂၉ လုံး ပျက်စီးခဲ့ပါတယ်။ ကျောင်းအနေနဲ့ကတော့ မူလတန်း၊ အလယ်တန်း ၂၄ ကျောင်း၊ အထက်တန်း ၁၅ ကျောင်း ပျက်စီးပြီးတော့ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ဆေးရုံ၊ ဆေးခန်း ကိုးခု ပျက်စီးခဲ့ပါတယ်။ လူနေအဆောက်အအုံ နေအိမ်တွေ၊ ရုံးအဆောက်အအုံတွေ၊ ကျောင်းတွေ၊ ဆေးရုံဆေးပေးခန်းတွေ ဒီလောက်



ရခိုင်ပြည်နယ် မြေပုံမြို့နယ် မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် နေရာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးစဉ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ် ငပင်လယ်ဆိပ်ကမ်းသို့ ရောက်ရှိလာသော စားရေရိက္ခာများအား ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်နေစဉ်။

ပျက်စီးသွားခဲ့တာ ပျက်စီးမှုပမာဏများပြားတယ်ဆိုတာ သိသာပါတယ်။

မြေပုံမြို့နယ်မှာ ဘာသာရေးအဆောက်အအုံပျက်စီးမှုအနေနဲ့ကတော့ စေတီ တစ်ဆူ၊ ဘုန်းတော်ကြီးကျောင်း ၅၈ ကျောင်း၊ ဗလီတစ်လုံး၊ သာသနိကအဆောက်အအုံ ၄၃ ခု ပျက်စီးသွားခဲ့ပါတယ်။ ဒါ့ပြင် ဓာတ်တိုင်ပေါင်း အခု ၄၀၊ လမ်းနှစ်လမ်း၊ တံတားလေးစင်းလည်း ပျက်စီးသွားခဲ့ပါတယ်။

မြေပုံမြို့နယ်မှာ လယ်ယာနဲ့ သားငါး ပျက်စီးမှုအနေအထားကတော့ သီးနှံဥယျာဉ်ခြံမြေ ၃၆ ဧက၊ ပုစွန်ကန် ၂၃၅၈ ဧက ရှိပါတယ်။ ပျက်စီးမှုတန်ဖိုး ငွေကျပ်သန်းပေါင်း ၁၂၇၇ ဒသမ ၆၇၇ သန်းဖြစ်ပါတယ်။ အဓိကကတော့ ရေငန်တားတမန်တွေ ကျိုးပေါက်သွားခဲ့တာကြောင့် ပုစွန်ကန်များစွာ ပျက်စီးဆုံးရှုံးသွားခဲ့ရပါတယ်။ ငါးမန်းရဲကျွန်းတာ အပိုင်း(၁)နဲ့ အပိုင်း(၂) တာရေကျော်တိုက်စားခြင်း၊ တာကျိုးပေါက်ခြင်းတို့ ဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ပြန်လည်ထူထောင်ရေး**

မုန်တိုင်းပြီးသွားပြီဆိုတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ စတင်လုပ်ကြရပါတယ်။ ဒီပြန်လည်ထူထောင်ရေးလုပ်ငန်းကို ထိထိရောက်ရောက် လျင်လျင်မြန်မြန် ပြီးမြောက်အောင်မြင်စေဖို့ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ် အပါအဝင် မုန်တိုင်းဒဏ်ခံရတဲ့ မြို့နယ်တွေမှာ တပ်မတော်သားအရာရှိကြီးတွေကို တစ်မြို့နယ် တစ်ယောက်နှုန်း ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ သူတို့ကိုလည်း ဗိုလ်ချုပ်ကြီးတင်အောင်စန်းနဲ့ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က စစ်တွေမြို့ကနေ အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်တာတွေ့ရပါတယ်။ ဒါကလည်း လုပ်ငန်းတစ်ခု ပြီးမြောက်အောင်မြင်စေဖို့ အကောင်းဆုံး စီမံကွပ်ကဲဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

မြေပုံမြို့နယ်ရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ထိရောက်စွာလုပ်ကိုင်နိုင်ဖို့ ရောက်ရှိလာသူကတော့ ဗိုလ်မှူးချုပ်ကျော်ကျော်စိုးပဲ ဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုးဟာ မေလ ၁၉ ရက်ကစပြီး မုန်တိုင်းဒဏ်ခံရတဲ့ မြေပုံမြို့နယ်ကို ရောက်ရှိခဲ့ပြီး အဆောက်အအုံ အပျက်အစီး စာရင်းများကောက်ယူဖို့၊ လူနဲ့ တိရစ္ဆာန် သေကျေပျက်စီးမှု၊ လယ်ယာနဲ့ တာတမံတွေပျက်စီးမှု စာရင်းကောက်ယူဖို့ မြို့နယ်တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းများက ဖော်ပြထားပါတယ်။

မေလ ၂၂ ရက်နေ့မှာတော့ မြေပုံမြို့ပေါ်ရှိ လေဘေးခိုလှုံရာစခန်းတွေ၊ ဘုန်းတော်ကြီး ကျောင်းတွေကို သွားရောက်ပြီးတော့ အားပေးစကားပြောကြားတာတွေ၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ခေါက်ဆွဲခြောက် အစရှိတဲ့ ရိက္ခာခြောက်လှူဒါန်းတာတွေ လုပ်ခဲ့ပြီး ကျောင်းတွေ အမြန်ဆုံးဖွင့်လှစ်နိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တာဝန်ရှိသူတွေကို မှာကြားခဲ့တယ်လို့ ဆိုပါတယ်။ မေလ ၂၃ ရက်နေ့မှာတော့ မြေပုံမြို့ပေါ်မှာပဲ ကျောင်းများ အမြန်ဖွင့်နိုင်ရေး ကျောင်းပတ်ဝန်းကျင်တွေမှာ သန့်ရှင်းရေး ဆောင်ရွက်နေတဲ့ နယ်မြေခံတပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ မြို့နေပြည်သူတွေနှင့် တွေ့ဆုံပြီး ကျောင်းများအမြန်ဆုံးဖွင့်နိုင်ဖို့ တိုက်တွန်းပြောကြားခဲ့ကြောင်း သိရပါတယ်။ အဲဒီနေ့မှာပဲ မြေပုံမြို့နယ်အတွင်း အထက ၁၈ ကျောင်း၊ အထက(ခွဲ) ၂၁ ကျောင်း၊ အလက ၁၁ ကျောင်း၊ အလက(ခွဲ) ၂၆ ကျောင်း၊ မူလွန် ၂၇ ကျောင်း၊ အမက ၆၂ ကျောင်းနှင့် အမကခွဲ ၆ ကျောင်းတို့မှာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပြီဖြစ်ကြောင်း သိရပါတယ်။

ဗိုလ်မှူးချုပ်ကျော်ကျော်စိုးနဲ့ တာဝန်ရှိသူတွေဟာ မေလ ၂၇ ရက်နေ့မှာတော့ ရခိုင်ပြည်နယ်အစိုးရရဲ့ သဘာဝဘေးပြန်လည်ထူထောင်ရေး ကော်မတီနဲ့ အလှူရှင်တွေ ထောက်ပံ့တဲ့ ဆန် ၁၀၄၅ အိတ်၊ ဆီ ငါးလီတာဘူး ၂၅၇ ဘူး၊ ခေါက်ဆွဲခြောက် ၆၅ ဖာ၊ ဘဲဥအလုံး ၂၂၅၀၊ သွားတိုက်ဆေးဘူး ၂၂၀၀၊ သွားတိုက်တံ ၂၄၀ တို့ကို လေဘေးသင့်ပြည်သူတို့ထံ အမြန်ဆုံးရောက်ရှိရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း၊ မေလ ၂၈ ရက်နေ့မှာလည်း ရခိုင်ပြည်နယ်အစိုးရနှင့်

**စာမျက်နှာ ၁၆ သို့ »»»**



ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ဆေးကုသပေးစဉ်။

»»» စာမျက်နှာ ၁၅ မှ

အလှူရှင်တွေလှူဒါန်းတဲ့ သွပ်ပြားအချပ်ရေ ၄၀၀၀၊ ခေါင်မိုးသံဖာ ၂၁၀၊ အိမ်ရိုက်သံမျိုးစုံ အထုပ် ၅၀၊ ခေါက်ဆွဲခြောက် ၇၁၇၂ ထုပ်၊ သွားတိုက်ဆေးဘူး ၇၅ ဂရမ်ပါဘူး ၃၀၀၀၊ ၂၅ ဂရမ်ဘူး ၃၀၀၀၊ သွားတိုက်တံ ၁၂၅၀၊ ၂၀ လီတာဆံ့ ရေသန့်ဘူးခွံ အလုံး ၅၀၊ တာပေါ်လင်လိပ် ၅၀၊ အိန္ဒိယထောက်ပံ့ တာပေါ်လင်အလိပ် ၃၀၊ မိုးကာစအလိပ် ၄၀၊ မိုးကာ ခြောက်ထုပ်နှင့် ဘေထုပ် ခုနစ်ထုတ်တို့ကို လေဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိအောင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ မေလ ၃၁ ရက်နေ့မှာတော့ မြေပုံမြို့နယ် မိုခါမုန်တိုင်းသင့်ပြည်သူ ၃၁၅၃ ဦးကို စားရေရိက္ခာများနဲ့အတူ အမိုးအကာအောက် အမြန်ဆုံးရောက်ရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာသနိကအဆောက်အအုံများ ဦးစားပေး ပြုပြင်ဆောင်ရွက်ပေးရေး မှာကြားခဲ့ကြောင်း သတင်းမှတ်တမ်းများအရ သိရပါတယ်။

ဗိုလ်မှူးချုပ်ကျော်ကျော်စိုးနဲ့ တာဝန်ရှိသူတွေဟာ ဇွန်လ ၁ ရက်နေ့မှာ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုရာ မြို့နယ်ပညာရေးမှူးရဲ့ ပြောပြချက်အရ မြေပုံမြို့နယ် တစ်မြို့နယ်လုံး အထက်တန်း ကျောင်းသားကျောင်းသူ ၂၀၇၃ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၆၅၁၈ ဦး၊ မူလတန်း ကျောင်းသား ကျောင်းသူ ၁၆၁၃၄ ဦး စတင် ပညာသင်ကြားနေပြီဖြစ်ကြောင်း သိရပါတယ်။

နောက်ပိုင်း ရက်များမှာလည်း ဗိုလ်မှူးချုပ်ကျော်ကျော်စိုးနဲ့ မြို့နယ်တာဝန်ရှိသူတွေဟာ ရခိုင်ပြည်နယ်အစိုးရနှင့် အလှူရှင်တွေ ပေးပို့လာတဲ့ ဆန်အိတ်အပါအဝင် စားရေရိက္ခာခြောက်တွေ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းတွေကို မုန်တိုင်းသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိရေး၊ ဆေးရုံဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

ပြန်လည်ထူထောင်ရေးရဲ့ အဓိကအရေးအကြီးဆုံး တစ်ချက်ကတော့ မြို့ရွာများ အမြန်ဆုံးလျှပ်စစ်မီးပြန်လည်ရရှိရေးပါ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ ကြွမ်းကျင်အားထုတ်မှုကြောင့် မြေပုံမြို့နယ်မှာ ၂၀၂၃ ခုနှစ် ဇွန်လ ၂၃ ရက်နေ့က စပြီး မြို့ပေါ်ရပ်ကွက် ကိုးခုနဲ့ ကျေးရွာငါးရွာတို့ကို လျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။

ဒါ့အပြင် အဓိက စီးပွားရေးလုပ်ငန်းဖြစ်တဲ့ ပုစွန်ကန်များလည်း ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ မြေပုံမြို့နယ်အတွင်းက ပေ ၁၆၅၀၀ ရှိ ငမန်းရဲကျွန်းတာ အပိုင်း ၁ နဲ့ ပေ ၆၀၀၀ ခန့်ရှိ ငမန်းရဲကျွန်းတာ အပိုင်း ၂ တို့ကို သက်ဆိုင်ရာဦးစီးဌာနက ဘက်ဟိုးတွေနဲ့ မေ ၂၁ ရက် မှ ဇွန် ၂ ရက်အတွင်း လုပ်ငန်းအားလုံးပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။

**ရှေးဟောင်းမြို့**

တကယ်တော့ မြေပုံမြို့ဟာ ဘိုးတော်ဗဒုံမင်းလက်ထက်က ဝတီလေးရပ် အုပ်ချုပ်ရေးနယ် ဓညဝတီစီရင်စုနယ်မြေမှာပါဝင်တဲ့ ရှေးဟောင်းမြို့ဖြစ်ကြောင်း သိရပါတယ်။ မြေပုံမြို့နယ်ကို အရှေ့ဘက်မှာ အမ်းမြို့နယ်၊ အနောက်ဘက်မှာ ပေါက်တောမြို့နယ်၊ တောင်ဘက်မှာ ကျောက်ဖြူမြို့နယ်နဲ့ မြောက်ဘက်မှာ မင်းပြားမြို့နယ်တို့နဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါတယ်။ လူဦးရေအနေနဲ့ ၁၃၇၆၅၁ ဦးရှိပြီး ရခိုင်တိုင်းရင်းသားအများစုနေထိုင်ကြကြောင်း သိရပါတယ်။ မြေပုံမြို့နယ်မှာ တောင်ကုန်းတောင်တန်း၊ မြစ်၊ ချောင်းများ ပေါများပြီး ကျွန်းကြီး ၄၄ ကျွန်း၊ ကျွန်းငယ် ၇၆ ကျွန်းရှိကြောင်း၊ မြစ်ချောင်းများလည်း ပေါများကြောင်း၊ မြစ်ချောင်းများမှာ ရေငန်များဖြစ်လို့ စိုက်ပျိုးရေးလုပ်ကိုင်ဖို့ ရေချိုရရှိမှုနည်းကြောင်း သိရပါတယ်။

ဘာပဲဖြစ်ဖြစ် မြစ်တွေ၊ ချောင်းတွေ၊ ကျွန်းကြီး ကျွန်းငယ်တွေရှိနေတာကြောင့် ပထဝီအနေအထားအရ သာယာလှပတဲ့ မြို့နယ်တစ်ခုဖြစ်တယ်ဆိုတာ အထင်အရှားပါပဲ။ နေချင့်စဖွယ်၊ သာယာနာပျော်ဖွယ်ကောင်းတဲ့ မြို့နယ်လေးတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒီလို မြစ်ချောင်းအင်းအိုင်တွေ၊ ကမ်းခြေတွေ၊ ကျွန်းတွေနဲ့ လှပနေတဲ့ မြေပုံမြို့နယ်လေးကို ထာဝရလှပစေချင်ပါတယ်။

ဒီကနေ့ နိုင်ငံတော်အစိုးရနဲ့ မြန်မာပြည်သူတစ်ရပ်လုံးက မြေပုံမြို့နယ်အပါအဝင် ရခိုင်ပြည်နယ်အတွင်းမှာရှိကြတဲ့ မြို့နယ်တွေအားလုံး ဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ တည်ငြိမ်စေချင်တယ်၊ အေးချမ်းစေချင်၊ လုပ်စီးပွားကိုင်စီးပွားတွေ တိုးစေချင်တယ်ဆိုတာ မိုခါက သက်သေပဲ။ မုန်တိုင်းကျရောက်တော့မယ်ဆိုတာ သိတာနဲ့ မိဘက သားသမီးတွေအပေါ် စိတ်ပူသလိုပဲ နိုင်ငံတော်အကြီးအကဲတွေကိုယ်တိုင် စစ်တွေမြို့ကို အမြန်ဆုံးသွားရောက်တယ်။ စီမံကွပ်ကဲတယ်။ လိုအပ်တဲ့ အထောက်အပံ့တွေ အချိန်မီရအောင် လုပ်ပေးတယ်။ အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေနဲ့ တစ်ပြေးညီကျောင်းတွေ အချိန်မီဖွင့်နိုင်အောင် ဆောင်ရွက်ပေးတယ်။

အမိုးအကာအောက် အမြန်ဆုံး အေးအေးချမ်းချမ်း သာသာယာယာနေနိုင်အောင် ဆောင်ရွက်ပေးတယ်။ ဒါတွေအားလုံးဟာ စိတ်ကောင်းစေတနာမပါဘဲ လုပ်နိုင်မှာ မဟုတ်ပါဘူး။ တကယ့်ကိုပဲ ကောင်းမွန်တဲ့ စေတနာ၊ ချစ်ခင်တဲ့ စိတ်ဓာတ်အပြည့်အဝနဲ့ ကူညီဆောင်ရွက်ပေးခဲ့တယ်ဆိုတာ မိုခါမုန်တိုင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေက သက်သေပြနေတယ်ဆိုတာ အသေအချာပါပဲခင်ဗျား။ ။





ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အားကစားခန်းမ ခေါင်မိုး(ဝဲပုံ)နှင့် ပြန်လည်ပြုပြင်ပြီးစီးမှု(ယာပုံ)တို့ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် အထက(မြေပုံ)၌ ကျောင်းအပ်လက်ခံရေး ဆောင်ရွက်ပေးစဉ်။




ရခိုင်ပြည်နယ် အထက(မြေပုံ)၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်မှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ လျှပ်စစ်မီး ရရှိရေး ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ လျှပ်စစ်မီး ရရှိနေသည်ကို တွေ့ရစဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပြည်သူ့စစ်မှုထမ်းဆောင်မည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်



**တောင်ကြီး မတ် ၂၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရွှေညောင်မြို့ အမှတ်(၁)တည်းခိုရိပ်သာစခန်းတွင် ပြည်သူ့စစ်မှုထမ်းဆောင်မည့် ပြည်သူများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စားရိပ်သာနှင့် အဆောင်တို့ကို လှည့်လည်ကြည့်ရှု၍ စစ်မှုထမ်းဟောင်းအဖွဲ့များကိုလည်း တွေ့ဆုံခဲ့သည်။

ပြည်သူ့စစ်မှုထမ်းမည့် ပြည်သူများသည် ကလော၊ အောင်ပန်း၊ ရပ်စောက်၊ ကျိုင်းတုံနှင့် မိုင်းဖြတ်မြို့နယ်တို့မှ လာရောက်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**❖ ကျောဖုံးမှ**

ထို့နောက် နေပြည်တော်ကောင်စီမှတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် မြို့နယ် ရှစ်မြို့နယ်ရှိ သက်ဆိုင်ရာမြို့နယ် ပြည်သူ့စစ်မှုထမ်း မှတ်ပုံတင်ရုံးများသို့ သွားရောက်ပြီး မိမိသဘောဆန္ဒအရ စစ်မှုထမ်းဆောင်မည့်သူများကို ထောက်ပံ့ငွေများနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်၍ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။



ယင်းနောက် တာဝန်ရှိသူများက မိမိသဘောဆန္ဒအရ စစ်မှုထမ်းဆောင်မည့်သူများကို သတ်မှတ်ထားသည့် စစ်ဆေးမှုများပြုလုပ်ရန်အတွက် စစ်ကြောရေးနှင့် တည်ခိုရေးစခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ရာ တပ်မတော်မှ တာဝန်ရှိသူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည်။

အဆိုပါ စစ်မှုထမ်းရန် မိမိသဘောဆန္ဒအရ စာရင်းပေးထားသူ တပ်ကုန်းမြို့နယ်မှ ခုနစ်ဦး၊ ဥတ္တရသီရိမြို့နယ်မှ ၂၆ ဦး၊ ပုဗ္ဗသီရိမြို့နယ်မှ ၃၀၊ ဇေယျာသီရိမြို့နယ်မှ ၁၂ ဦး၊ ပျဉ်းမနားမြို့နယ်မှ ၅၆ ဦး၊ ဇမ္ဗူသီရိမြို့နယ်မှ ၁၂ ဦး၊ ဒက္ခိဏသီရိမြို့နယ်မှ ၃၅ ဦး၊ လယ်ဝေးမြို့နယ်မှ ခြောက်ဦး စုစုပေါင်း ၁၈၄ ဦး တို့အနက် သတ်မှတ်ထားသည့် စစ်ဆေးမှုများနှင့် ကိုက်ညီသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်ဖိုမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးဟောပြော

**အုတ်ဖို မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာအသိပညာပေးဟောပြောခြင်းကို မတ် ၂၈ ရက်က အေးမြသာယာကျေးရွာရှိ JMKS အထည်ချုပ်စက်ရုံ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ်ကို ကျင့်သုံးရခြင်း၏ အကြောင်းရင်းများ၊ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်နှင့် ပြည်သူ့စစ်မှုထမ်းရန် အချိန်ကာလတို့ကို ရှင်းလင်း၍ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများ မယုံကြည်ကြစေရန် ပြောကြားပြီး မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့တာဝန်ရှိသူများနှင့်လည်း သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ လာရောက်ဆွေးနွေးမေးမြန်းနိုင်ကြောင်းနှင့် တက်ရောက်လာသူများ၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**



**✪ MNL Cup မှ**

မဟာယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်း၌ Rainbow အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဧပြီ ၁ ရက်တွင် တက္ကသိုလ်ကွင်း၌ ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်း၊ YUSC ကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်း၊ ပဒုမ္မာကွင်း၌ ရက္ခပူရယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ ဧပြီ ၅ ရက်တွင် တက္ကသိုလ်ကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ Glory Goal အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဧပြီ ၆ ရက်တွင် တက္ကသိုလ်ကွင်း၌ Dagon Port အသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားအသင်းနှင့် ဟံသာဝတီအသင်း၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် အား/ကာ သိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **သတင်း-ကိုညီလေး ဓာတ်ပုံ-MNL**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ စစ်မေးမည့် အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်း သတ်မှတ်ကြေညာခြင်း

၁။ ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများအား စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်မည့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

### စာမေးပွဲအချိန်စာရင်း

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၂၉-၄-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | မြန်မာစာ |
| ၃၀-၄-၂၀၂၄ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | အင်္ဂလိပ်စာ |
| ၂-၅-၂၀၂၄ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | သင်္ချာ |
| ၃-၅-၂၀၂၄ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဓာတုဗေဒ/ ပထဝီဝင် |
| ၄-၅-၂၀၂၄ စနေနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ရူပဗေဒ/ သမိုင်း |
| ၆-၅-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဇီဝဗေဒ/ ဘောဂဗေဒ |

### စာမေးပွဲကျင်းပမည့်စာစစ်ဌာနများ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | စာစစ်ဌာန |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | မြစ်ကြီးနား | အထက(၉)မြစ်ကြီးနား |
| ၂ | ကရင်ပြည်နယ် | ဘားအံ | အထက(၂)ဘားအံ |
| ၃ | ချင်းပြည်နယ် | မတူပီ | အထက(၂)မတူပီ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ | အထက(၂)မုံရွာ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | အထက(၁)ထားဝယ် |
| ၆ | နေပြည်တော် | ဇမ္ဗူသီရိ | အထက(၁၄) |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | တောင်ငူ | အထက(၁)တောင်ငူ |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ပြည် | အထက(၅)ပြည် |
| ၉ | မကွေးတိုင်းဒေသကြီး | မကွေး | အထက(၃)မကွေး |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | အထက(၈)အောင်မြေသာစံ |
| | | ပြင်ဦးလွင် | အထက(၂)ပြင်ဦးလွင် |
| | | မိတ္ထီလာ | အထက(၁)မိတ္ထီလာ |
| ၁၁ | မွန်ပြည်နယ် | မော်လမြိုင် | အထက(၇)မော်လမြိုင် |
| ၁၂ | ရခိုင်ပြည်နယ် | စစ်တွေ | အထက(၁)စစ်တွေ |
| | | | အထက(၂)စစ်တွေ |
| | | | အထက(၄)စစ်တွေ |
| | | | အထက(၅)စစ်တွေ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | သန်လျင် | အထက(၁)သန်လျင် |
| | | မင်္ဂလာဒုံ | အထက(၁)မင်္ဂလာဒုံ |
| | | သင်္ဃန်းကျွန်း | အထက၊ သုဝဏ္ဏ |
| | | ကြည့်မြင်တိုင် | အထက(၁)ကြည့်မြင်တိုင် |
| ၁၄ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | အထက(၃)တောင်ကြီး |
| ၁၅ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | အထက(၈)လားရှိုး |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | အထက(၂)ကျိုင်းတုံ |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | အထက(၁)ပုသိမ် |
| | | မြောင်းမြ | အထက(၁)မြောင်းမြ |
| | | မအူပင် | အထက(၁)မအူပင် |

၃။ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကို ယခုကြေညာချက်ပါ စာစစ်ဌာနများအနက် မိမိဖြေဆိုလိုသည့် စာစစ်ဌာနများသို့ ၁၂-၄-၂၀၂၄ (သောကြာနေ့) နောက်ဆုံးထား၍ သတင်းပေးပို့ စာရင်းသွင်းရမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၅၀ | ၂၈၃၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၀ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၀ | ၂၉၆၀ | ၂၉၈၅ | ၂၉၇၀ | ၂၉၄၅ | ၃၀၄၅ | ၃၀၆၀ | ၂၉၅၀ | ၂၉၇၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၂၃၀ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❍ ONE မှ

အထိနာစေခဲ့ပြီး ပွဲပြီးခါနီးတွင် လက်သီးချက်ဖြင့်ပင် အလဲထိုးခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် ပေါ်တူဂီနိုင်ငံသား ဖေဘီယိုနှင့်ထိုးသတ်ခဲ့ပြီး ဒုတိယအချီ ၁ မိနစ် ၄၂ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် ပွဲစကတည်းက ဖေဘီယိုကို ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး လက်သီးချက်များကြောင့် ပထမအချီကတည်းက ဖေဘီယို အမှတ်စဉ်ရေတွက်ခံရသည်။ ဒုတိယအချီတွင်လည်း စိုးလင်းဦးက ပွဲသိမ်းနိုင်ရန် ဖေဘီယို ဟာကွက်ကို စောင့်ထိုးခဲ့ပြီး ဘယ်လက်သီးဖြင့် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် ONE နှင့် ထိုးသတ်ထားသည့် နှစ်ပွဲစလုံး အလဲထိုးဖြင့် အနိုင်ရထားသည်။

ကိုညီလေး

## ဓနုဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ဓနုဖြူ မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ပန်းခင်း(၃)စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းများကို ဓနုဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဓနုဖြူမြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် တိုက်နယ်မှူး ဒေါ်စိမ်းလဲ့လဲ့တိုးနှင့် ဝန်ထမ်းများက ယမန်နေ့ နံနက် ၁၀ နာရီက ငါးဘက်အိုင်အုပ်စု ကနီစုကျေးရွာ သာသနာ့ရောင်ခြည်ကျောင်းတိုက်၌ အခြေပြုကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၉-၃-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
| --- | --- | --- |
| ၈၅၃၂။ | ဗိုလ်ချုပ်စိုးတင့်(ငြိမ်း)နှင့်ဇနီး ဒေါ်မြတ်သီတာအေး၊ (သား)ကိုသီဟစိုး၊ (သမီး)မရွှေရည်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၅၃၃။ | ကွယ်လွန်သူဦးပန်းအောင်အားရည်စူး၍ ဇနီး ဒေါ်ညွန့်ညွန့်လွင်၊ (သား)ဒေါက်တာထွဋ်မောင်မောင်၊ (သမီး)ဒေါ်အိအိပန်းအောင်၊ (မြေး)မပန်းအင်ကြင်း၊ မပန်းဖြူငွေမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၅၃၄။ | ဘဘ ဦးခင်မောင်ညွန့်၊ ဖခင်ကြီး ဦးထွန်းလှိုင်၊ မိခင်ကြီး ဒေါ်မုန်း၊ ဦးထွန်းလင်းနှင့်ဇနီး ဒေါ်ခင်အေးလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၅၃၅။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်လှိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၅၃၆။ | မောင်သုတကံ မွေးနေ့အလှူကောင်းမှု | ၃၀၀၀၀၀ |
| ၈၅၃၇။ | ဦးစိုးသန်းမိသားစုကောင်းမှု | ၂၄၀၀၀၀ |
| ၈၅၃၈။ | ဦးဟန်မောင်နှင့်ဇနီး ဒေါ်ခင်ဖြူငြိမ်း မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၅၃၉။ | ကိုမောင်ဦးနှင့်ဇနီး မမီးငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၀။ | ဦးချမ်းငြိမ်းဟန်နှင့်ဇနီး ဒေါ်သင်းမဥ္ဇူအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၁။ | ကွယ်လွန်သူဦးမျိုးမြင့်နှင့် ဒေါ်ခင်မေအုန်းတို့အားရည်စူး၍ ဦးစည်သူအောင်နှင့်ဇနီး ဒေါ်မိုးဥမ္မာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၂။ | ကွယ်လွန်သူဦးရွှေအေးနှင့်ဇနီး ဒေါ်အုန်းကြည်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၃။ | ဒုတိယရဲမှူးလှိုင်ဝင်းအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၄။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်ခင်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၅။ | ဦးစိန်သောင်းနှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးတင်မျိုးဝင်းနှင့်ဇနီး ဒေါ်လှလှပို၊ (သား)မောင်ပိုင်စိုးဦး၊ မောင်ဟန်ထယ်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၇။ | ဦးမင်းပြည့်ဖြိုးနှင့်ဇနီး ဒေါ်ယဉ်ပြည့်ဖြိုး၊ (သမီး)မမြတ်သဒ္ဒါမွန်၊ မဆုလာဘ်ဗွေလှိုင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
| --- | --- | --- |
| ၈၅၄၈။ | ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့်ဇနီး ဒေါက်တာဒေါ်နွယ်နီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၉။ | ဗိုလ်မှူးကြီးနေလင်းစိုးနှင့်ဇနီး ဒေါ်သီတာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၀။ | ဦးဝေဇင်ထွန်းနှင့်ဇနီး ဒေါ်မီမီစိုး၊ (သမီး)မပိုင်မီမီဝေ၊ မတင့်နဒီထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၁။ | ကွယ်လွန်သူဇနီး ဒေါ်ထွေးယဉ်အားရည်စူး၍ တပ်ကြပ်ကြီးညွန့်မြင့်(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၂။ | ဦးလှိုင်ဝင်းနှင့်ဇနီး ဒေါ်တင်တင်ကြိုင်၊ (သား)မောင်အောင်တေဇာမင်း၊ မောင်သက်ကျော်ဇင်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၃။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၄။ | ကွယ်လွန်သူဦးဇော်ဝင်းအားရည်စူး၍ ဒေါ်ခင်စန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၅။ | ဦးကျော်နိုင်ထွန်းနှင့်ဇနီး ဒေါ်ဝင်းမင်းနိုင်၊ (သား)မောင်ဖြိုးသီဟကျော်၊ (သမီး)မခင်ချောချောဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၆။ | ဒေါ်မိငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၇။ | ဦးခင်မောင်ကြိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်အေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၈။ | ဦးဝင်းဖေနှင့်ဇနီး ဒေါ်ခင်ဌေးမြင့်၊ (သမီး)မအေးအေးမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၉။ | ဦးပြည့်ဖြိုးပိုင်နှင့်ဇနီး ဒေါ်မူမူဝင်းမိသားစုကောင်းမှု | ၇၅၀၀၀ |
| ၈၅၆၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုရဲလင်းမောင်နှင့်ဇနီး မဟေမာကျော်၊ (သမီး)မအိဖူးဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၁။ | ဗိုလ်မှူးသိန်းထွန်း(ငြိမ်း)မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၂။ | ဒေါ်မူယာလတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၃။ | ဦးခင်အောင်နှင့်ဇနီး ဒေါ်ရွှင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၄။ | ဒေါ်နော်ခင်သီစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
| --- | --- | --- |
| ၈၅၆၅။ | ဒေါ်မြင့်မြင့်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၆။ | ဦးတင်ငွေနှင့်ဇနီး ဒေါ်ရင်ရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၇။ | ဦးဝင်းရွှေနှင့်ဇနီး ဒေါ်တင်တင်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၈။ | ဒေါ်အေးအေးစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၉။ | ဒေါ်နုနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၀။ | ကိုနေဇော်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၁။ | ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၂။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နွယ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၃။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးမောင်မောင်လွင်နှင့်ဇနီး ဒေါ်အေးအေးမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၄။ | ဒေါ်ခင်ဦး၊ (သား)ဗိုလ်ကြီးသူရိန်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၅။ | ဒေါ်ကျင်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၆။ | ဦးကျော်သီဟအောင်နှင့်ဇနီး ဒေါ်ဆွေဆွေလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၇။ | ဒေါ်ရင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၈။ | ဦးဆန်းလွင်နှင့်ဇနီး ဒေါ်ရီရီလှ၊ ဗိုလ်ကြီးဉာဏ်ဟိန်းနှင့်ဇနီး ဒေါ်မိုးပွင့်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၉။ | ဒေါ်သင်းငွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၀။ | ကွယ်လွန်သူဦးအေးသန်းနှင့် မောင်ညွန့်ဦးသန်းတို့အား ရည်စူး၍ ဒေါ်ညွန့်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၁။ | ဦးမင်းသော်တာနှင့်ဇနီး ဒေါ်တင်ဌေးနု၊ (သား)မောင်သူရိန်မျိုးသော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၂။ | ကိုဇေယျာဝင်းနှင့်ဇနီး မဖြူဖြူခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၃။ | ကွယ်လွန်သူဒေါ်ခင်နုအားရည်စူး၍ ဦးလှရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၄။ | ကွယ်လွန်သူဦးအောင်မိုးနှင့် ဦးမင်းသန့်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၅။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နန်းမြစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၆။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ခိုင်နှင်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |

